www.burmeseclassic.com

# စံ-ဇာဏီဘို

## အချစ်လကွကာ



BURMESE CLASSIC .com

www.burmeseclassic.com

ကောင်းသန့်စာပေ
အမှတ် (၂၀၉)၊ ပ-ထပ်(ယာ)၊ ၃၈လမ်း(ထက်)
ရန်ကုန်မြို့။ ဖုန်း-၇၂၂၀၅၃

BURMESE CLASSIC .com

www.burmeseclassic.com
ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက် | ၂၆၃/၂၀၀၄(၄) |
| မျက်နှာဖုံးခွင့်ပြုချက် | ၂၈၇/၂၀၀၄(၄) |
| ထုတ်ဝေသူ | ဦးခင်မောင်ကြွယ် (မြဲ-၀၃၇၅၀)<br>အမှတ်-၅၉(မြေညီထပ်)၊<br>ခြံအမှတ် (၂၇)၊<br>ယောမင်းကြီးလမ်းသွယ်၊<br>ဒဂုံမြို့နယ်၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ဒေါ်ဝင်းဝင်းအေး (မြဲ-၀၆၇၄၉)<br>ကောင်းသန့်ပုံနှိပ်တိုက်<br>အ-ထ-က (၆)၊<br>ဗိုလ်တထောင်ကျောင်းဝင်း၊<br>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဖန်တီးသူ | ဝင်းယုမောင် |
| အတွင်းဖလင် | Perfect |
| ကွန်ပျူတာစာစီ | ကိုတင်ထွဋ် |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ |
| ပြီးစီးသည့်လ | ၂၀၀၄ခုနှစ်၊ မေလ |
| စာအုပ်ချုပ် | စိန်ကြည် |
| ဖြန့်ချိရေး | ကောင်းသန့်စာပေ<br>အမှတ် ၂၀၉၊ ပ-ထပ်(ယာ)၊<br>၃၈လမ်း(ထက်)၊ ရန်ကုန်မြို့။<br>ဖုန်း-၇၂၂၀၅၃ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၄၀၀ ကျပ် |

www.burmeseclassic.com

စံ-ဇာဏီဘို

# အချစ်လဂ္ဂဇာ

BURMESE CLASSIC .com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

# စံ-ဇာဃီဘို

လက်ဝါးတွင်ကြည့် အဖြေရှိ

**ချစ်ရမည့် သူလား**

**မုန်းရမည့် သူလား**

လက်ဝါးတွင်ကြည့် အဖြေရှိတယ်

BURMESE CLASSIC .com

www.burmeseclassic.com

# ကိုယ်ရေးအကျဉ်း

◆ ၁၉၅၆ ခုနှစ်တွင် မွေးဖွားသည်။

◆ ၁၉၇၈ ခုနှစ်မှစ၍ အချိန်ပြည့် ဗေဒင်လောကသို့ ဝင်ရောက်သည်။

◆ ဆရာဦးကျော်ဆန်း (ကွယ်လွန်)၊ ဆရာကြီး ဦးစံတင်အောင် (ရွှေဘို)၊ ဆရာကြီးမိုးတား ဦးထွန်းရှိန်၊ ဆရာကြီးမင်းသိခ် တို့ထံမှ နည်းပညာများကို သင်ယူခဲ့သည်။ လက္ခဏာပညာ၊ ဗေဒင်၊ နက္ခတ်နှင့် မြန်မာ့ရိုးရာ ဗေဒင်ပညာများကို လေ့လာပြီး ဆရာများ၏ ခွင့်ပြုချက်ဖြင့် ၁၉၈၃ ခုနှစ်မှစ၍ အလုပ်ခန်းဖွင့် ဟောပြောခဲ့သည်။

◆ ဗေဒင်လက္ခဏာပညာနှင့် International Biographical Centre (IBC) မှ 20th Century Achievement Award ၂၀ ရာစု ဗေဒင်လက္ခဏာ ဆုကိုလည်းကောင်း၊ Cambridge University မှ 1997 Man of the Year ၁၉၉၇ ခုနှစ် ဗေဒင် ဆရာဆုတို့ကို ၁၉၉၇-၉၈ ခုနှစ်များတွင် ရရှိခဲ့သည်။

◆

BURMESE CLASSIC .com

www.burmeseclassic.com

ကျွန်ုပ်အနေနဲ့ . . .

နှစ်ပေါင်းများစွာ ဘဝတစ်ခုလုံး ရင်းနှီးမြှုပ်နှံ ပုံအောပြီး လုပေါင်းများစွာ၊ လက်ပေါင်းများစွာ၊ ကျမ်းပေါင်းများစွာကို စာတွေ့ ငါတွေ့ လက်တွေ့သုတေသန အကြိမ်ကြိမ် အထပ်ထပ်ပြုလုပ်ပြီးမှ အခုလိုမျိုး မှတ်စုတိုလေးတွေ ထုတ်နှုတ်ရေးသားတင်ပြရခြင်း ဖြစ်ပေသည်။

ချစ်တတ်ကြသူအားလုံး၊ အချစ်ငတ်ကြသူအားလုံး၊ ချစ်သူအားလုံး ပြုံးပျော်ရွှင်ပျ ဒီဘဝမှာ ချမ်းသာကိုယ်စိတ် မြဲကြစွာနဲ့ ချစ်တိုင်းညားလို့ ညားတိုင်း ချစ်နိုင်ကြပါစေသတည်း။

စံ-ဇာကာီဘို

ချမ်းမြေ့မေတ္တာ တုံ့ပြန်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com

အချစ်နဲ့ ပတ်သက်လို့ ဘဝပျက် နစ်မွန်း ဆုံးရှုံးကြသူများ ရှိသကဲ့သို့ အချစ်ကြောင့်ပင် ဘဝတိုးတက်အောင်မြင် ထွန်းတောက်သွားကြရသူများလည်း ရှိ၏။ မည်သို့ပင်ဖြစ်စေ လူသည် အချစ်၊ ချစ်ခြင်းမေတ္တာနှင့် ကင်းကွာ၍ မရ။ လူနှင့် လူ့ပတ်ဝန်းကျင်တွင် တစ်နွယ်ငင် တစ်စင်ပါ ဆိုဘိသကဲ့သို့ ကိုယ်နှင့် ပတ်သက် ဆက်စပ်နေသည့် ဆန့်ကျင်ဘက်လိင်တို့ရဲ့ စိတ်နေသဘောထားကို သိချင်ပါက ကိုယ့်လက် ကိုယ်ကြည့်ရှုံမှုနှင့် သိသာ ထင်ရှားနိုင်ပေ၏။ သူက ကိုယ့်ကို တကယ်မှ ချစ်ပါရဲ့လား၊ ရက်စက်တော့မယ့် အရိပ်အယောင် ရန်ငြိုးတွေနဲ့ အမုန်းမိုးတွေ စွေမှာလား ဆိုတာ ... ကဲ ... ဒီမှာ ...

**လက်ဝါးကိုကြည့် အဖြေရှိတယ်**

BURMESE CLASSIC .com

www.burmeseclassic.com

## မာတိကာ


| | |
|---|---|
| ဒသဂီရိလို မျက်နှာများခဲ့သလားကွယ် | ၁၃ |
| ဦးဘညွန့်ရဲ့ ချစ်ဒုက္ခထက်ဆိုးတယ် | ၁၄ |
| ပြတ်ပြတ်စဲစဲပဲ ကောင်းပါတယ် | ၁၅ |
| အနာခံတာ အချစ်ကြီးလို့ပေါ့နော် | ၁၆ |
| ကိုယ့်ဇာတ် ကိုယ်မှမနိုင် | ၁၇ |
| အကောက်ဉာဏ်လေးနဲ့ဖောက်ပြန်ပြေးသွားတဲ့ချစ်သူ | ၁၈ |
| သူနော် … အားကြီးလွန်တာပဲ … | ၁၉ |
| အားမရဘူး အချစ်ရယ် | ၂၀ |
| ယုန်ကမတိုး ပိုက်ကတိုး | ၂၁ |
| အချစ်ဆိုတာ ဘာလဲဟင် | ၂၂ |
| ကိုယ်မမှားခဲ့ဘူး အချစ်ရယ် … | ၂၃ |
| ချစ်တာတစ်ခုပဲ သိတယ် … | ၂၄ |
| ချစ်တိုင်းလည်း မညားခဲ့ရ … ဒီဘဝမှာ | ၂၅ |
| ကိုယ်ဖြစ်ချင်တာ ကိုယ်လုပ်မှာပဲနော် | ၂၆ |


BURMESE CLASSIC .com

www.burmeseclassic.com


| | |
|---|---|
| ရောဂါပဲ | ၂၇ |
| ကလေးမွေးရမှာကြောက်တယ် | ၂၈ |
| ခဏလေးပဲဟာကို | ၂၉ |
| ကြောက်တယ်ကွယ် | ၃၀ |
| အောင့်သက်သက်ကြီးနဲ့ | ၃၁ |
| ဖြတ်မှဖြစ်မယ် | ၃၂ |
| ပိတောက်နဲ့ချယ်ရီလို | ၃၃ |
| ရှက်လည်း ရှက်ပါတယ် | ၃၄ |
| သတိ … မှားတတ်သည် | ၃၅ |
| ဟင့်အင်း … မယုံပါဘူးဆို | ၃၆ |
| မှားပါတယ် အချစ်ရယ် | ၃၇ |
| အဆိုးအသွမ်းကြောင့် အညိုးပန်းဖြစ်ခဲ့ရပါပေါ့ | ၃၈ |
| ဒါမျိုး လာမစမ်းနဲ့ | ၃၉ |
| အချစ်ရေ သူ့ကြောင့် | ၄၀ |
| မင်းသဘောအတိုင်းပဲ | ၄၁ |
| ကိုယ့်ရဲ့အပြစ် ချစ်သဖြင့်လျှင် | ၄၂ |
| ချဉ်ချဉ်တူးတူး မူးရင်ပြီးရော | ၄၃ |
| တချို့မှ ကြမ်းမှ ကြိုက်တယ်ဆို … | ၄၄ |
| သနားတယ် အချစ်ရယ် | ၄၅ |
| ဒါလေးများ … | ၄၆ |
| တစ်ယောက်တည်းပဲ ကောင်းပါတယ် | ၄၇ |
| ကိုယ်မပျော်ဘူး အချစ်ရယ် | ၄၈ |
| မင်းတို့နှစ်ယောက်ကြား . . . | |
| ဗျာများခဲ့ရ ကိုယ့်ဘဝပါကွယ် | ၄၉ |
| အသည်းနင့်နင့် ချစ်သဖြင့်လျှင် | ၅၀ |
| စွန့်ခွာရက်ရက် ကျန်နေခဲ့ရဲ့ . . . | ၅၁ |
| သွားနှင့်တော့ အချစ်ရယ် … | ၅၂ |


BURMESE CLASSIC .com

www.burmeseclassic.com


ကိုယ့်သဘော မပါခဲ့ရပါဘူး ၅၃
ချစ်ဦးသူနဲ့ လွဲခဲ့ရပြီ ၅၄
ကိုယ့်ကိုယ်ကိုယ်ဖျက် အငယ့်အတွက် ၅၅
သိပ်ကြာရင် မကြိုက်ဘူး ၅၆
တချို့က ဆန်းမှကြိုက်တယ် ... ဆို ၅၇
ဘာလိုချင်သလဲ ... ဘာဖြစ်ချင်သလဲ ...
ဘာလုပ်ချင်သလဲ ၅၈
မာရင်သံချောင်း ... ပျော့ရင်ငပျော့ ၅၉
လှတာလေးမှ လိုချင်တယ် ၆၀
ဘယ်လိုပဲလုပ်ရ လုပ်ရလေ ၆၁
ကိုယ့်အပြစ်နဲ့ကိုယ်ပါကွယ် ရှိပါစေတကယ် ၆၂
အားမရဘူးအချစ်ရယ် ၆၃
အသည်းဆိုင် အညာတစ်ခက်ရယ် ...
မခွဲနိုင် မခွာရက် ၆၄
အဆင်မပြေဘူး အချစ်ရယ် ၆၅
မီးစိမ်းတွေ အကုန်ပြထားတယ် ၆၆
သူလေ ဆဲတယ် ... သူလေ ရက်စက်မယ် ၆၇
ကိုယ်ကောင်းရတာ သူ့ကြောင့် ၆၈
ကိုယ်ကတော့ အဲဒါတစ်ခုတည်း သိတယ် ၆၉
ပုစွန်ဆိတ်ကလေး ဘယ်လိုငယ်ငယ် ... ၇၀
မေ့လို့မရ ... တသသနှင့် ၇၁
အချစ်ဆိုတာ ဘာလဲဟင် ၇၂
အားကိုးပါတယ် အချစ်ရယ် ... ၇၃
ယောက္ခမကြီးက အဆင်မပြေဘူး ၇၄
အကောင်းဆုံးပဲ အချစ်ရေ ၇၅
ပုံအပ်တာ ယုံမှတ်ပါလို့ ... ၇၆
မင်းလိုချင်တာ ဒါလား ၇၇

BURMESE CLASSIC .com


www.burmeseclassic.com


| | |
|---|---|
| ပတ်ဝန်းကျင်ကို ရှက်တယ် | ၇၈ |
| အရွယ်လွန် အချစ်ကလေးရယ် … | ၇၉ |
| တဏှာရူးလို့ ပြောကြပြန်ပါတယ် | ၈၀ |
| တက်ညီလက်ညီ ဘက်ညီ | ၈၁ |
| မင်းလုပ်ရက်တယ် | ၈၂ |
| ဆွေတွေမျိုးတွေက တမျှော်ငံ့ … | ၈၃ |
| ဘယ်တော့မှ မပြတ်ပါဘူးကွယ် | ၈၄ |
| ချစ်လျက်နဲ့ဝေး … | ၈၅ |
| ကြားစကားတွေ မယုံနဲ့နော် | ၈၆ |
| ငရဲကြီးတတ်တယ် | ၈၇ |
| သူတို့ ဒီလိုပြောတယ် | ၈၈ |
| ဘာမှ မကြောက်နဲ့ | ၈၉ |



♦

BURMESE CLASSIC .com


www.burmeseclassic.com




နှလုံးလမ်း



ဦးခေါင်းလမ်း




သောကြားခါးပတ်




အိမ်ထောင်ရေးလမ်း

BURMESE CLASSIC .com


www.burmeseclassic.com




ကျွန်း



ခက်ရင်းခွ




ဩဇာလမ်း




သားသမီးလမ်း


BURMESE CLASSIC .com




ကံကြမ္မာလမ်း




ဥပါဒ်လမ်း




ကျန်းမာရေးလမ်း




အောင်မြင်ရေးလမ်း




ကာမလမ်း




အတတ်ပညာလမ်း



အသက်လမ်း



အသက် (အကူ)လမ်း



နှလုံးလမ်းကြောင်းက ခွပုံစံမျိုး ဖြစ်နေမယ်၊ တစ်ခုက ကြာသပတေး ဂြိုဟ်ခုံ၊ နောက်တစ်ခုက စနေဂြိုဟ်ခုံမှာ ရောက်နေခဲ့မယ်ဆိုရင် ...


## ဒသဂိရိလို မျက်နှာများခဲ့သလားကွယ်

အချစ်နဲ့ပတ်သက်ရင် တစ်ယူသန် ဆန်လွန်းတယ်။ ကိုယ်စိတ်ချမ်းသာရေးအတွက်ဆိုရင် သူများကို ခုတုံးလုပ်ရမှာကို လုံးဝ ဝန်မလေးဘူး။

ချစ်သူ တစ်ယောက်တည်းနဲ့ မတင်းတိမ်ဘူး။ ရည်းစားအများကြီးထားရမှာကို ဝါသနာပါပြီး ဂုဏ်ယူနေတတ်မယ်။ ကိုယ့်ရဲ့ တစ်ဖက်သတ် အနိုင်လိုမှုကြောင့် အတ္တကြီးမှုကြောင့် သာယာတဲ့ အချစ်ရေးကိုတော့ ဖန်တီးလို့ရမှာ မဟုတ်ဘူး။

BURMESE CLASSIC .com

www.burmeseclassic.com




နှလုံးလမ်းကြောင်းမှ လက်ညှိုးခြေရင်းပိုင်းသို့ ခွဲထွက်ကော့တက်သွားတဲ့ လမ်းကြောင်းကို ဘားတစ်ချောင်းဖြတ်ပြီး ကြက်ခြေခတ်ပုံမျိုး ဖြစ်နေခဲ့ရင် ...

**ဦးဘညွန့်ရဲ့ ချစ်ဒုက္ခထက် ဆိုးတယ်**

အချစ်ကိစ္စနဲ့ ပတ်သက်ပြီးတော့ အရှက်တကွဲ အကျိုးနည်း၊ နာမည်ပျက်၊ သိက္ခာကျမယ်။ ကိုယ်တကယ် ချစ်မယ့်သူတွေက ကိုယ်ချစ်သလောက် ကိုယ့်အပေါ် ပြန်ပြီးမေတ္တာမတုံ့ပြန်တတ်ဘူး။ ကိုယ်က ဘယ်လောက်ချစ်ချစ်၊ ကိုယ့်အပေါ်မှာ နှစ်လိုမှုရှိကြတာ မဟုတ်ဘူး။ စိတ်ညစ်နေရမှာပဲ။ ဘယ်လောက်အထိဖြစ်နိုင်သလဲဆိုရင် အသက်သေဆုံးစေတဲ့အထိကို အဲဒီအချစ်ပြဿနာနဲ့ကို ဖြေရှင်း ရင်ဆိုင်ရတတ်မယ်။ အချစ်ကို ဦးစားပေး လွန်ကဲသူတွေရဲ့လက်မှာ ဒီပုံစံမျိုးရှိတယ်။

www.burmeseclassic.com




နှလုံးလမ်းကြောင်းကနေ အကိုင်းအခက်လိုမျိုး ဆင်းချလာပြီး ဦးခေါင်းလမ်းကြောင်းနဲ့ အသက်လမ်းကြောင်းကို ဖြတ်ကျော်သွားမယ်။ အဆုံးမှာ ခွလေးတစ်ခုလို ဖြစ်နေမယ်ဆိုရင် …

## ပြတ်ပြတ်စဲစဲပဲ ကောင်းပါတယ်

ချစ်သူတစ်ယောက်တည်း ထားရတာကို မလုံလောက်ဘူးထင်နေမယ်။ နောက်ထပ် ရည်းစားဖြစ်ဖြစ်၊ အမြှောင်ဖြစ်ဖြစ် ထားရမှ နေပျော်တဲ့လက်မျိုး။ ကိုယ်ကလည်း မကောင်းဘူး။ ကိုယ့်ကို လာပေါင်းတဲ့လူကလည်း ဟန်ရှိပြီး အဆံမရှိတဲ့သူမျိုး။ အစပိုင်းမှာ အဆင်ပြေတော့မလိုလိုနဲ့ စလယ်ဝင် ဖင်မမည်းခင်ကဆိုတဲ့ စကားမျိုးလို ကွဲကွာ ပြတ်စဲကြလေသတည်းလို့ ပြောရမယ့် လက်ပိုင်ရှင်မျိုးပါပဲ။

BURMESE CLASSIC .com

www.burmeseclassic.com




နှလုံးလမ်းကြောင်းဟာ ဦးခေါင်းလမ်းကြောင်းနဲ့ ဝေးကွာပြီး လက်ချောင်းများဘက် နီးနေခဲ့မယ်ဆိုရင် …

**အနာခံတာ အချစ်ကြီးလို့ပေါ့နော်**

သူချစ်တာ မချစ်တာ မသိဘူး။ ကိုယ့်ဘက်က ချစ်နေရရင် ပြီးရောပဲ။ ကိုယ့်ချစ်သူက တစ်ပါးသူနဲ့ တွဲသွားတွဲလာလုပ်ပြီး စကားလက်ဆုံ ကျနေရင်လည်း မကြိုက်ဘူး။ မနာလို သဝန်ကြောင်စိတ်ကြီးမယ်။ ဒါပေမဲ့ ကိုယ့်ချည်တိုင် ပြန်ရောက်ရင် ကိုယ့်နွားဆိုဘိသကဲ့သို့ အစစအရာရာ ခွင့်လွှတ်သည်းခံ၊ အနစ်နာခံပြီး တို့ချစ်တာက ဒီလိုမျိုးပါလို့ အချစ်ကြီး ချစ်တတ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




နှလုံးလမ်းကြောင်းကနေပြီး အခုလိုမျိုး အခက်အလက် ကလေးတွေ ဖြာဆင်းနေကြမယ်ဆိုရင် ...

## ကိုယ့်ဇာတ်ကိုယ်မှ မနိုင်

ကိုယ်ဖြစ်ချင်တာတွေက သိပ်များနေတယ်။ ဘယ်သူ့မှ မငဲ့ဘူး၊ ကိုယ်လုပ်ချင်တာပဲ ကိုယ်သိတယ်။ တစ်ကိုယ်ကောင်းဆန်တယ်။ ဒေါသကြီးပြီး အမြဲတမ်း အနိုင်ယူချင်စိတ်ပဲရှိတယ်။ သည်းညည်းခံစိတ် ခေါင်းပါးလွန်းတယ်။ သစ္စာယှဉ်းပျက်ဖို့လည်း ဝန်မလေးတတ်ဘူး။ အဆွယ်အမြှောင်ထားချင်စိတ် ရှိတယ်။ အသစ် စက်စက် တွေ့လို့ကတော့ ငါးစိမ်းမြင်ရင် ငါးကင်ကို ပစ်တော့မှာ သေချာလွန်းတယ်။ ဒါပေမဲ့ ကိုယ်မွေးတဲ့မီး ကိုယ်မငြိမ်းနိုင်ဖြစ်ပြီး ကိုယ့်ကို ပြန်လောင်တတ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




အခုလိုမျိုး နှလုံးလမ်းကြောင်းမှာ ဆက်စပ်မှုမရှိဘဲ ပြတ်တောက်နေခဲ့မယ်ဆိုရင် …

## အကောက်ဉာဏ်လေးနဲ့ ဖောက်ပြန်ပြေးသွားတဲ့ချစ်သူ

ကိုယ့်ကြောင့် ကိုယ့်ကို အချစ်ကြီးချစ်တဲ့သူတွေ သောက၊ ဒုက္ခရောက်ရတတ်တယ်။ ရှုပ်ကြီးတတ်တယ်။ အချစ်ကိစ္စနဲ့ပတ်သက်ရင် အလျှော့မပေးတတ်သလို ကိုယ်ကိုယ်တိုင်ကလည်း ဆန့်ကျင်ဘက်လိင်အပေါ်မှာ သာယာကြည်နူး မွေ့လျော်တတ်တယ်။ နောက် တစ်ယောက်လောက် ထားချင်တယ်။ အခုဆီချက်၊ အခု ဟန်ဘာဂါ ဆိုသလိုမျိုး။ ကလေးဆန်ဆန် ဆိုးနွဲ့ပြီး ဖောက်ပြန်တတ်တယ်။ အဲဒီလိုနေရမှ ပျော်နေတတ်တယ်။ အလိုလိုနေရင်း အလိုမကျဖြစ်ပြီး ဒေါသဖြစ်လွယ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




ရှိတယ် ... သိပ်ရှားတယ်။ တကယ်လို့များ အဲဒီလိုမျိုး နှလုံးလမ်းကြောင်းက နှစ်ထပ်ကြီးဖြစ်နေခဲ့ရင် ...

## သူနော်... အားကြီးလွန်တာပဲ

ဘယ်လောက်ပဲ စိတ်အနှောင့်အယှက် တွေ့တွေ့ အသည်းမာတယ်။ ခံနိုင်ရည်ရှိတယ်။ အချစ်ကြီးလို့ အမျက်ကြီးပေမယ့် တစ်လင်တစ်မယားနစ်ကို လိုလား သဘောကျတယ်။ အမြော်အမြင်ကြီးပြီး သည်းခံနိုင်စွမ်း ရှိတယ်။ အချစ်နဲ့ရင်းတဲ့ ဘဝတစ်ခုကို ခိုင်ခိုင်မာမာ တည်ဆောက်လိုစိတ် ရှိတယ်။ အပြင်းစားအချစ်လို့လည်း ပြောလို့ရတယ်။ ကိုယ်ထင်ရင် ခုတင်ရွှေနန်းဆိုသလို ကိုယ်ရည်မှတ်းတဲ့ပန်းကို ရလို့ကတော့ ဘယ်သူ့မှ ဂရု မစိုက်ဘူး။ သူများတကာ အမြင်ကပ်လောက်အောင် အချစ်နဲ့ပတ်သက်ရင် ရင်ဆိုင်ဖြေရှင်းရဲတယ်။

BURMESE CLASSIC .com

www.burmeseclassic.com




သီချင်းတွေတောင်ရှိတယ်။ လက္ခဏာဆရာက ပြောတယ်တဲ့။ နှလုံးလမ်းကြောင်းမှာ အခုလိုမျိုး ကျွန်းတွေခံနေမယ်ဆိုရင် … တဲ့။

## အားမရဘူး အချစ်ရယ်

သိပ်ချစ်တတ်တယ်ဆိုတာကိုလည်း သိတယ်။ ကိုယ်ကလည်း အချစ်ကြီးတတ်တယ်။ တစ်ခုရှိတာက ကိုယ်က သစ္စာဖောက်ရမှာကို ဝန်မလေးတတ်သလို ချစ်သူရဲ့ သစ္စာဖောက်ခြင်းကိုလည်း ရင်နဲ့အမျှ တနင့်နင့် ခံစားနေရ တတ်တယ်။ မချစ်တာလည်း မဟုတ်ဘူး။ ဒါပေမယ့် နောက်မီးလင်းချင်စိတ် ရှိတယ်။ ကာမ တဏှာရာဂနဲ့ ပတ်သက်ရင် ဆန့်ကျင်ဘက်လိင်အပေါ် အားမရဘူး။ ဘယ်လိုဖြစ်မှန်းလည်း မသိဘူး။ သူက အဖြူဆို ကိုယ်က မည်းလိုက်ရမှ ကျေနပ်တာ။ ကိုယ်လုပ်တာပဲ မှန်တယ် ထင်တတ်တယ်။ ကိုယ့်ချစ်သူက ကိုယ့်ကို ဘယ်လောက်ကောင်းအောင်ပဲ လုပ်ပေးပေး ဟင့်အင်း … အားမရဘူး ဖြစ်နေမယ်။

BURMESE CLASSIC .com

www.burmeseclassic.com




နှလုံးလမ်းကြောင်းက ကြာသပတေးဂြိုဟ်ခုံမှာ အစပြု နေမယ်။ ပြီးတော့ ပုံပြပါအတိုင်း သင့်ရဲ့လက်မှာ ရှိနေခဲ့ မယ်ဆိုရင် …

## ယုန်ကမတိုး ပိုက်ကတိုး

တော်တော် စန်းပွင့်တယ်။ ချစ်သူ ခင်သူ ကြင်သူ အခြွေအရံပေါမယ်။ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စ တွေမှာ လူကြီးမိဘက နားချလို့ ယူရတာမျိုးက အကောင်း ဆုံးပဲ။ ကိုယ့်အပေါ် ဆန့်ကျင်ဘက်လိင်များက စိတ်ဝင် တစားရှိမယ်။ ကိုယ်ကိုယ်တိုင်လည်း ပိုင်ပိုင်နိုင်နိုင် ဆုံး ဖြတ်ရဲတဲ့သတ္တိမျိုး မရှိတာအမှန်။ ဒါပေမယ့် ကိုယ် လိုချင်တာ ကိုယ်ဖြစ်ချင်တာတွေက သူ့အလိုလို ဖြစ်လာ တတ်တယ်။ ကံကောင်းတယ်ဆိုတာ ဒါမျိုးပေါ့။

BURMESE CLASSIC .com

www.burmeseclassic.com




နှလုံးလမ်းကြောင်းက လက်ခလယ်လောက်က စခဲ့ရင်…

**အချစ်ဆိုတာ ဘာလဲဟင်**

ဇာတ်ပျက်သမားမဟုတ်ပေမယ့် ဂုဏ် ငွေပကာသန ကို တမ်းတမက်မော တွယ်တာခုံမင်တတ်မယ်။ အချစ် ဆိုတာကို အထင်မကြီးဘူး။ လက်တွေ့ဆန်ပြီး ငွေကြေး အဆောင်အယောင်ကို တပ်မက်မယ်။ ကိုယ့်အတွက် အကျိုးမရှိဘူးထင်ရင် ဘုရားတောင် ထုံးမသုတ်ချင်တဲ့ လူမျိုးဖြစ်တယ်။ ကိုယ်ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ယူ ဖို့ ဖွဲ့ရှိတယ်။ ကိုယ့်ထက် ချမ်းသာကြွယ်ဝပြီး ဂုဏ် အနေနဲ့ ပြည့်စုံတဲ့သူမျိုးကို မရ ရအောင် ယူတတ်မယ်။

BURMESE CLASSIC .com

www.burmeseclassic.com




လက်ကောက်ဝတ်နေရာကနေပြီး တက်လာတဲ့ ကံလမ်းကြောင်းကိုတနင်္လာဂြိုဟ်ခုံမှ တက်လာတဲ့ လမ်းသွယ်က အခုလိုမျိုးများ ပူးပေါင်းမိပြီး ဖြတ်သွားခဲ့ရင် ...

## ကိုယ်မမှားခဲ့ဘူး အချစ်ရယ်

ပါးစပ်က ဘုရား ဘုရား၊ လက်က ကားယား ကားယား ဆိုတဲ့ စိတ်အပြောင်းအလဲမြန်ပြီး ကလေးဆန်လွန်းတဲ့ ချစ်သူမျိုးနဲ့ တွေ့ရမယ်။ အဲဒီ ချစ်သူမျိုးဟာ ကာမဆန္ဒ ပြင်းထန်လွန်းတတ်ပြီး ကိုယ့်အပေါ် သစ္စာမဲ့တတ်တဲ့သူမျိုး ဖြစ်မယ်။ ကိုယ့်ဘက်က မမှားယွင်းမိခဲ့ရင်တောင်မှ သူ့ဘက်က စတင်ပြီး မှားယွင်းဖို့အတွက် လမ်းကြောင်းအမျိုးမျိုး ရှာနေတတ်မယ်။ သူ့ဘက်က အဲဒီလိုမျိုး မကြာမကြာဆိုသလို အလိုရမ္မက်ပြင်းထန်တတ်လွန်းလို့ နှစ်ကိုယ်ကြားမှာ စကားများရတတ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




ကံလမ်းကြောင်းက နှလုံးလမ်းကြောင်းအထိတိုင်ရောက်ပြီးခါမှ ပြတ်သွားခဲ့မယ်ဆိုရင် ...

**ချစ်တာတစ်ခုပဲသိတယ် ...**

ချစ်သူရဲ့ မျက်နှာကွက်ကွက်ကလေးကိုပဲ မှန်လိုအရိပ်တကြည့်ကြည့် ကြည့်နေတတ်မယ်။ ချစ်သူအတွက်ဆို စွန့်ဝံ့တယ်။ ဘာမဆို ရင်ဆိုင်ရဲတယ်။ ကိုယ့်ချစ်သူရဲ့ မျက်နှာတစ်ချက် မညှိုးနွမ်းစေရအောင် အလိုလိုက်အကြိုက်ဆောင်ပြီး ချစ်တတ်သူလည်း ဖြစ်တယ်။ အချစ်ရေးမှာ ခံနိုင်ရည်မရှိဘူး။ ဝမ်းနည်းစိတ်ညစ်စရာ တစ်ခုကြုံခဲ့ရင် အတောမသတ်နိုင်အောင်ပါပဲ။ ချစ်တာ တစ်ခုတည်း ဦးစားပေးလွန်းတဲ့အတွက် တာဝန်နဲ့ လုပ်ငန်းပိုင်းဆိုင်ရာကိစ္စတွေမှာ ထိခိုက်နစ်နာပြီး စီးပွားရေးပျက်စီး၊ ဒုက္ခနဲ့ကြုံဆုံရတတ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




တနလ်ာဂြိုဟ်ခုံက တက်လာတဲ့ အရံကံလမ်းကြောင်း ဆိုတာက ဦးခေါင်းလမ်းမကြီးကို လုံးဝမထိဘဲ ရပ်ဆိုင်းနေခဲ့ရင် ...

**ချစ်တိုင်းလည်း မညားခဲ့ရ... ဒီဘဝမှာ**

ကိုယ့်ဘက်က မျှော်လင့်မထားတဲ့ ချစ်သူမျိုးကို ရမယ်။ ချစ်တိုင်းလည်း မညားတတ်ပေမယ့် ချစ်မိခဲ့ပြီဆိုရင် အသည်းပေါက်မတတ် နင့်နင့်သီးသီးချစ်တတ်တယ်။ လက်လွှတ်ဆုံးရှုံးရမှာကို ကြောက်သလို ချစ်သူရဲ့ အငြိုအငြင်မျှ မခံနိုင်တဲ့သူမျိုး ဖြစ်တယ်။ ဒါပေမဲ့ ကိုယ်က ချစ်ရသူနဲ့ မပေါင်းဖက်ရတတ်ဘူး။ သူကတော့ ကိုယ့်ကို ချစ်ရှာမှာ သေချာပါတယ်။ တကယ်လို့ ကိုယ့်လက်ဝါးမှာ အိမ်ထောင်ရေးလမ်းကြောင်းသာ ပါမလာခဲ့ဘူးဆိုရင်တော့ အသေအချာဆုံးပါပဲ။

BURMESE CLASSIC .com

www.burmeseclassic.com




မူလလမ်းကြောင်းတွေအပြင် သောကြာခါးပတ် ပါနေခဲ့ဦးမယ်ဆိုရင် ...

## ကိုယ်ဖြစ်ချင်တာ ကိုယ်လုပ်မှာပဲနော်

တစ်ခုခုကို ရရှိဖို့အတွက် လက်တစ်လုံးခြား တစ်ပတ်ရိုက် လိမ်လည်တတ်မယ်။ ကာမဂုဏ်အာရုံကို လွန်လွန်ကဲကဲ လိုက်စားတတ်ပြီး လက်ရဲဇက်ရဲရှိတတ်ပေမဲ့ အမြဲတမ်းဆိုသလို တွေတွေဝေဝေ ဖြစ်နေတတ်ပြန်တယ်။ အချစ်နဲ့ပတ်သက်ရင် တစ်ယောက်တည်းနဲ့ အားရတင်းတိမ်မှုမရှိဘူး။ စိတ်မငြိမ်တတ်ပါ။ လုပ်သင့်လုပ်ထိုက်တာကို မလုပ်ဘဲ မလုပ်သင့် မလုပ်ထိုက်တာတွေ လုပ်တတ်လို့ လူတကာရဲ့ အထင်အမြင်သေးခြင်းကို ခံစားရတတ်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com




သောကြာခါးပတ်ပေါ်မှာ ကြယ်အမှတ်အသား ပါလာခဲ့မယ်ဆိုရင် …

## ရောဂါပဲ

အချစ်ကိစ္စနဲ့ပတ်သက်ရင် စိတ်ထိခိုက် ဝမ်းနည်းကြေကွဲလွယ်မယ်။ ကိုယ်က အပြောအဆို မောက်မာကြမ်းတမ်းပေမယ့် စိတ်အားငယ်နေတတ်တယ်။ဆန့်ကျင်ဘက်လိင်များနဲ့ ရောထွေး စပ်ယှက်မှုများတဲ့အတွက် သာယာချမ်းမြေ့တဲ့ အချစ်ကမ္ဘာလေးတစ်ခုတော့ ဖြစ်လာမှာမဟုတ်ပါဘူး။ ဒီလို လက်ပိုင်ရှင်မျိုးမှာ ကာလသားရောဂါ စွဲကပ်တတ်တာကို တွေ့ရနိုင်တယ်။ အိမ်ထောင်မပြုမီမှာ ခေတ်မီဆေးဝါး၊ တတ်ကျွမ်းတဲ့ ဆေးဆရာများနဲ့ ကုသကာကွယ်တားဆီးသင့်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




သောကြာခါးပတ်က အခုလိုမျိုး နှစ်ကြောင်းသုံးကြောင်း ပူးထပ်နေပြီး ကြယ်အမှတ်အသားကိုလည်း တွေ့ရဦး မယ်ဆိုရင် ...

## ကလေးမွေးရမှာကြောက်တယ်...

ချစ်ခြင်းမေတ္တာထက် ကာမဂုဏ်အာရုံကို ပိုပြီး စိတ်ဝင်စားမယ်။ ဆန့်ကျင်ဘက်လိင်တွေနဲ့ ထိကပါး ရိကပါး ပလူးပလဲနေရတာမျိုးကို သာယာတတ်တယ်။ ချစ်သူအပေါ်မှာ နွဲ့ဆိုး ဆိုးတတ်ပေမဲ့ သံယောဇဉ်ကြီး ကြီးနဲ့ ချစ်မြတ်နိုးတတ်ပြန်တယ်။ ကာလသားရောဂါ ဖြစ်နိုင်တယ်။ မိန်းကလေးဆိုရင် သားအိမ်ရောဂါ ရတတ် တယ်။ ကလေးချစ်တတ်ပေမဲ့ ကလေးမွေးရမှာကို သိပ်ကြောက်တတ်သူမျိုး ဖြစ်မယ်။ မွေးဖွားခဲ့ရင်လည်း ခက်ခက်ခဲခဲခွဲစိတ်ပြီး မွေးဖွားရတတ်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com




လက်သန်းရဲ့ အောက်ခြေဘက်မှာရှိတဲ့ အိမ်ထောင်ရေးလမ်းကြောင်းရဲ့ အစပိုင်းမှာ ပီပြင်ထင်ရှားပြီး တဖြည်းဖြည်းနဲ့ မှေးမှိန်မှုန်ဝါး သေးငယ်သွားတာကို တွေ့ရမယ်ဆိုရင် ...

## ခဏလေးပဲဟာကို

အချစ်စိတ်နဲ့ပတ်သက်ရင် စိတ်မငြိမ်ဘူး။ ချစ်စခင်စ ကြင်နာစမှာ အရူးအမူး ချစ်ခင်တွယ်တာတတ်ပေမယ့် ကြာလေလေ၊ စိတ်ကုန်လေလေ ဖြစ်တတ်တယ်။ ကိုယ့်ချစ်သူက ကိုယ့်အပေါ် ဘယ်လောက်ကောင်းကောင်း ကိုယ့်ဘက်က အကောင်းမမြင်တတ်ဘူး။ အချစ်မေတ္တာရေးရာမှာ တဒင်္ဂခဏလေးလောက်ပဲ တန်ဖိုးထားတတ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




အိမ်ထောင်ရေးလမ်းကြောင်းက အခုလိုမျိုး လက်သန်းဘက်ကိုဖြန့်ပြီး ကော့တက်နေခဲ့မယ်ဆိုရင် …

## ကြောက်တယ်ကွယ်

အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စတွေကို စိတ်ဝင်စားမှု နည်းလွန်းပြီး တစ်ကိုယ်ရေ တစ်ကာယတည်း နေရတာကို ဂုဏ်ယူနေတတ်မယ်။ အဲဒီလိုကနေ အိမ်ထောင်ပြုရမှာကိုကြောက်ပြီး သာသနာ့ဘောင်ကို ဝါသနာပါပုံရမယ်။ တချို့တော့ အသက်ကြီးပိုင်းရောက်မှ အိမ်ထောင်ရေး ကိစ္စရဲ့ နှောင့်ယှက်ခြင်းဒဏ်ကို ခံရတတ်တယ်။ အိမ်ထောင်ပြုဖြစ်ခဲ့ရင်လည်း ကိုယ့်စိတ်က တကယ်မပါဘဲနဲ့ ငဲ့ညှာသနားလို့ ယူခဲ့ရတာမျိုးဖြစ်မယ်။

BURMESE CLASSIC .com

www.burmeseclassic.com




အိမ်ထောင်ရေးလမ်းကြောင်းရဲ့ အဆုံးမှာ ခက်ရင်းခွလို ဖြစ်သွားပြီး အစတစ်စက နှလုံးလမ်းကြောင်းဘက်ကို ထိုးဆင်းနေမယ်၊ နှလုံးလမ်းကြောင်းနဲ့တော့ ထိမနေဘူး ဆိုရင် ...

## အောင့်သက်သက်ကြီးနဲ့

ကိုယ့်ရဲ့ချစ်သူဖြစ်ဖြစ် အိမ်ထောင်ဖက်အပေါ်ဖြစ်ဖြစ် ကိုယ်က သိပ်ပြီးစိတ်ပါလှတယ်မဟုတ်ဘူး။ အဲဒီလိုမျိုး အောင့်သက်သက်ကြီးနဲ့ အိမ်ထောင်ပြုရတတ်တယ်။ အိမ်ထောင်ကျပြီးမှ ငါတော့ဖြင့် မှားပါပေါ့လားဆိုပြီး တနုံ့နုံ့နဲ့ နောင်တရနေဦးမယ်။ ကိုယ့်ရဲ့ အိမ်ထောင်ဖက်က ကိုယ့်ထက် အရည်အချင်းရှိပေမဲ့ ကိုယ့်ကြောင့် ကိုယ့်ရဲ့ ပျော့ညံ့ ချို့ယွင်းချက်တွေကြောင့် ကွဲကွာရခြင်း၊ ခွဲခွာရခြင်းမျိုးနဲ့ ကြုံတတ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




အိမ်ထောင်ရေးလမ်းကြောင်းဟာ သေကြာဂြိုဟ်ခုံသို့ တိုင်အောင် ထိုးဆင်းသွားပြီး အဆုံးသတ်နေပါတယ် ဆိုရင် …

## ဖြတ်မှ ဖြစ်မယ်

ကိုယ့်ဘက်က ဘယ်လောက်ပဲ အကောင်းဆုံးဖြစ်အောင် လုပ်ပေးလုပ်ပေး၊ ဘယ်လောက်ပဲ စေတနာထားထား တစ်ဘက်က ကျေးဇူးတင်ရကောင်းမှန်း သိမှာမဟုတ်ပါဘူး။ အိမ်တွင်းရေးကိစ္စတွေ ရှုပ်ထွေးနေပြီး အိမ်ထောင်ရေး အချစ်ရေးမှာလည်း သာယာမှာ မဟုတ်ဘူး။ အိမ်ထောင်ဖက်ကို စိတ်ကုန်စေမယ်။ တကယ်လို့သာ လက်နှစ်ဖက်စလုံးမှာ အဲဒီလိုမျိုး အမှတ်အသားပါနေခဲ့မယ်ဆိုရင် ကိုယ့်အိမ်ထောင်ဘက်နဲ့ ကင်းရှင်းပြတ်စဲပြီးပြတ်ပြီလို့ ယူဆရလိမ့်မယ်။ အတူတူနေပြီး စိတ်ဆင်းရဲနေရမယ်ဆိုတဲ့နောက်တော့ ဖြတ်တာပဲ ကောင်းမယ်ထင်ပါရဲ့။

BURMESE CLASSIC .com

www.burmeseclassic.com




အိမ်ထောင်ရေးလမ်းကြောင်းရဲ့ အဆုံးသတ်မှာ ခက်ရင်းခွလေးလိုဖြစ်နေပြီး အပေါ်လက်သန်းဘက်ကို ကော့တက်နေမယ်ဆိုရင် …

## ပီတောက်နဲ့ချယ်ရီလို

ဒီလို လက်ပိုင်ရှင်အများကတော့ အချစ်ရေး၊ အိမ်ထောင်ရေးကို ကြောက်လန့်ပြီး အပျိုကြီး၊ လူပျိုကြီး လုပ်လိုတတ်ကြတယ်။ အရုက်အကြောက် ကြွန်းကြီးပြီး ရိုးသားတည်ကြည်မယ်။တချို့တွေလို ဟော့ဟော့ရမ်းရမ်းနဲ့ တဟေးဟေး တဟားဟား မရှိတတ်၊ မနေတတ်ဘူး။ အချစ်ရေးမှာလည်း ရိုးရိုးသန့်သန့်ပဲ။ တကယ်လို့များ အိမ်ထောင်ပြုဖြစ်မယ်ဆိုရင်လည်း တစ်ယောက်နဲ့ တစ်ယောက် ရေခြားမြေခြား ခွဲခွာနေရတတ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




အိမ်ထောင်ရေးလမ်းကြောင်းဟာ သုံးမြှောင့်ခက်ရင်းခွ ဖြစ်ဖြစ် ပန်းပွားပုံစံမျိုးဖြစ်ဖြစ် အဲဒီဂြိုဟ်ခုံပေါ်မှာ အဆုံး သတ်နေခဲ့ရင် …

## ရှုက်လည်း ရှုက်ပါတယ်

ဘယ်လိုဖြစ်မှန်းလည်း မသိဘူး။ ကျော်လို့မှ မကောင်း၊ ကြားလို့မှ မသင့်ဆိုသကဲ့သို့ ကိုယ်နဲ့ ကိုယ့် ချစ်သူတို့ဟာ ဘာမှမဟုတ်တဲ့ ကိစ္စတစ်ခုကို အခြေခံပြီး သကာလ တစ်ယောက်နဲ့တစ်ယောက် အကြီးအကျယ် ငြင်းခုံရန်ဖြစ် စွပ်စွဲပြောဆို စကားများကြပြီး ကွဲကွာရ တတ်တယ်။ လူပုံအလယ်မှာ ရှက်ဖွယ်လိလိ အကျိုးနည်း ရတတ်တယ်လို့ အဲဒီအမှတ်အသားပါတဲ့ လက်မျိုးကို အမိပ္ပါယ် ဖွင့်ထားပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com




အိမ်ထောင်ရေးလမ်းကြောင်းပါမယ်။ အဲဒီလမ်းကြောင်းရဲ့ အပေါ်မှာပဲဖြစ်ဖြစ်၊ အဆုံးမှာပဲဖြစ်ဖြစ် ကျွန်းအမှတ်အသားလို ပုံပြပါအတိုင်း ပါလာခဲ့မယ်ဆိုရင် ...

**သတိ... များတတ်သည်**

ဖြစ်ပုံများ ပြောပါတယ်။ ညီငယ် ညီမငယ်လေးတို့ရေ...။ ဒီလိုအမှတ်အသားမျိုးပါလာရင် နည်းနည်းဂရုစိုက်ရမယ်လို့ ကျမ်းပြုဆရာအသီးသီးက မိန့်ဆိုခဲ့တယ်ကွဲ့။ အချစ်ရေး၊ အိမ်ထောင်ရေးတို့မှာ ခေါင်းအေးအေးနဲ့ စဉ်းစားရမယ်။ နှစ်ဖက်မိဘ၊ အများသဘောမတူဘဲ ခွတ်အတင်းကြီး ယူရတတ်တယ်။ စိတ်ညစ်စရာတွေ၊ အတိုက်အခံ၊ အဆီးအတားတွေနဲ့ပေါ့ပွယ်။ ဖြစ်ပုံက ကိုယ်နဲ့ သွေးသားရင်းချာ၊ ဆွေထဲမျိုးထဲကနဲ့ မှောက်မှောက် မှားမှား ကျူးလွန်ယွင်းမှားတတ်လို့ပါပဲ ...တဲ့။

BURMESE CLASSIC .com

www.burmeseclassic.com




အိမ်ထောင်ရေးလမ်းကြောင်းကို လက်သန်းကနေပြီး ဒေါင်လိုက်မျဉ်းတစ်ကြောင်းက ဖြတ်နေခဲ့မယ်ဆိုရင် …

**ဟင့်အင်း … မယုံပါဘူးဆို**

(သားသမီးလမ်းကြောင်းနဲ့ ဆင်တူရိုးမှားတတ်တယ်) ချစ်သူနဲ့ ဆုံစည်းရခါနီးမှ အနှောင့်အယှက်တွေက ဝင်လာမယ်။ လူကြီးမိဘတွေကလည်း သဘောမတူကြပါဘူး။ သူများတွေက ကိုယ်နဲ့သူ့ကို မနာလိုဝန်တိုဖြစ်ပြီး ရန်တိုက်ပေးခြင်းခံရတဲ့အထိ တစ်ယောက်နဲ့တစ်ယောက်ကလည်း ချစ်ကြတာမျိုး။ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှု ရှိကြတော့ ချမ်းမြေ့ ပျော်ရွှင်သာယာတဲ့ အချစ်ရေးပေါ့နော်။ ဒါပေမယ့် ကိုယ်က သူ့ကို အရမ်းသဝန်တိုတတ်တယ်။ မယုံသင်္ကာမျက်လုံးမျိုးနဲ့ဆိုတော့ စကားခဏခဏ များကြပြန်ရော… ပြီးတော့လည်း…။

BURMESE CLASSIC .com

www.burmeseclassic.com




သောကြာဂြိုဟ်ခုံကနေပြီး ဥပါဒ်လမ်းကြောင်းတစ်ခုက အသက်လမ်းကြောင်းပေါ်က အတက်ငယ်တစ်ခုကိုဖြစ်ဖြစ်၊ အိမ်ထောင်ရေးလမ်းကြောင်းကိုပဲဖြစ်ဖြစ် အခုလိုမျိုး ဖြတ်တက်သွားမယ်ဆိုရင် …

## မှားပါတယ် အချစ်ရယ်

ကိုယ့်ဘက်က မိဘဆွေမျိုး အသိုက်အဝန်းတွေက ကိုယ့်ချစ်သူကို ကြည့်လို့ရကြတာ မဟုတ်ဘူး။ ကိုယ်ကလည်း ဇွတ်တရွတ်နိုင်တဲ့ ဆန့်ကျင်ဘက်လုပ်တတ်တဲ့ ဉာဉ်မျိုးရှိတယ်။ အဲဒီတော့ သူ့ကိုမှ ချစ်မိလေသတည်း ဆိုတဲ့ဇာတ်လမ်းကို တည်ဆောက်လိုက်တယ်။ နောက်မှ မှားမှန်းသိပြီး သူနဲ့ ခွဲခွာဇာတ်သိမ်းရတဲ့ အဖြစ်မျိုးကို ရင်ဆိုင်ရတတ်ပြန်ရော … တဲ့။

BURMESE CLASSIC .com

www.burmeseclassic.com




အိမ်ထောင်ရေးလမ်းကြောင်းပေါ်မှာ ကျွန်းကလေးတွေလို ကွင်းဆက်ကလေးတွေ ဆက်ဆက်ပြီး ရှိနေလို့ရှိရင် …

**အဆိုးအသွမ်းကြောင့် အညှိုးပန်းဖြစ်ခဲ့ရပါပေါ့**

ဆန့်ကျင်ဘက်လိင်တွေနဲ့ ရောထွေး ယှက်တင်နေရတာကို သဘောကျ ကျေနပ်နေမယ်။ တစ်ပါးသူနဲ့ လျှပ်ပေါ်လော်လီ ဖောက်ပြန်နေရတာမျိုးကို ဝါသနာကြီးမယ်။ ကိုယ့်အပေါ်ကိုယ်လည်း ကတိမတည်ဘူး။ ချစ်သူအပေါ်လည်း သစ္စာမရှိဘူး။ ကာမရာဂစိတ်က ထကြွလှုပ်ရှားပြင်းထန်လိုက်စားနေတတ်တယ်။ အဲဒီတော့… ဂနိုကျတဲ့ရောဂါ၊ ပန်းသေ ပန်းညှိုးရောဂါ၊ ကာလသား ရောဂါတွေနဲ့ အလိုတူအလိုပါ ပူးတွဲပြီး စာချုပ် ချုပ်ထားတော့ သလိုမျိုး ဖြစ်တတ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




ဥပါဒ်လမ်းကြောင်းက လက်ဝါးပြင်လောက်မှာ သုံးထောင့်လွှင်ပြင်ဖြစ်ဖြစ်၊ ကြက်ခြေခတ်ဖြစ်ဖြစ်၊ ကြယ်လိုပုံစံမျိုးဖြစ်ဖြစ် ရှိနေပေမယ့် အခုလို လေးထောင့်အမှတ်အသားမျိုးနဲ့ အဆုံးသတ်ထားမယ်ဆိုခဲ့ရင် …

## ဒါမျိုးလာမစမ်းနဲ့

အချစ်ကိစ္စ၊ အိမ်ထောင်ရေးကိစ္စတွေကို စိတ်မဝင်စားပေမဲ့ အိမ်ထောင်ပြုပြီးမှ ကျိုကျိုတက်ချမ်းသာတတ်တယ်။ အချစ်ဒုက္ခ၊ အိမ်ထောင်ရေးပြဿနာတွေဟာ သူ့အလိုလို အော်တိုမစ်တစ် ပြေပျောက်ကွယ်ပသွားမယ်။ ကိုယ့်ကို ဒုက္ခပေးမယ့်သူနဲ့ ဆုံတော့မလိုလို ကြုံတော့မလိုလိုနဲ့ လက်တစ်လုံးခြား အလိုအလျောက်မှာ လွတ်မြောက်ပြေလည်ပြီး စိတ်ရောလူပါ ကျန်းမာချမ်းသာပေဦးတော့မယ်။

BURMESE CLASSIC .com

www.burmeseclassic.com




ဘေးဥပါဒ်လမ်းကြောင်းဟာ အသက်လမ်းကြောင်းကို ဖြတ်ပြီး ကံကြမ္မာလမ်းကြောင်းနဲ့ နှလုံးလမ်းကြောင်းအထိ ကျွန်းအမှတ်အသားပါရှိနေပြီး စနေဂြိုဟ်ခုံရဲ့ အောက်မှာ တည်ရှိနေခဲ့မယ်ဆိုရင် …

**အချစ်ရေး သူ့ကြောင့်**

ကိုယ့်ဘက်က ပွင့်လင်းရိုးသားမယ်၊ အနေအထိုင် အပြောအဆို ရှင်းရှင်းဘွင်းဘွင်းသမား ဖြစ်မယ်။ သိက္ခာရှိရှိ တည်တည်ကြည်ကြည်၊ ဣန္ဒြေရရ နေချင်တယ်။ တစ်ခုခုကို ခံစားရပြီဆိုရင်လည်း မြဲမြဲထားတတ်တယ်။ သူများတွေကကို ကိုယ့်ကို မာနကြီးတယ်၊ စိတ်ကြီးဝင်တယ် ဘဝင်မြင့်တယ်ထင်ပြီး ချိုးဖို့ ဖွဲ့ဖို့ ကြိုးစားကြံစည်တာကို ခံရမယ်။ ယောက်ျားလေးဖြစ်ရင်လည်း လင်ရှိမယားရဲ့ ဖြားယောင်းသွေးဆောင်ခံရမယ်။မိန်းကလေးဖြစ်ရင်လည်း မလွတ်လပ်တဲ့အမျိုးသားရဲ့ စော်ကားခံရတတ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းကြား စတုဂံလွင်ပြင်မှာ အဲဒီလိုမျိုး ထင်ရှားတဲ့အမှတ်အသား ပါခဲ့မယ်ဆိုရင် …

## မင်းသဘောအတိုင်းပဲ

မသိတဲ့သူတွေကတော့ ကိုယ့်ချစ်သူရဲ့ ကြိုးဆွဲရာကို ရုပ်သေးရုပ်လေးလို နေပြတတ်သူမျိုးလို့ ကဲ့ရဲ့သင်္ဂြိုဟ်သတင်းဆိုးတတ်ပေမယ့် ကိုယ့်ဘက်က နည်းနည်းလေးမှ ဂရုမစိုက်တတ်တာမျိုးမဟုတ်ဘူး။ ကိုယ့်ရဲ့ ချစ်သူအပေါ်မှာ အသက်နဲ့လဲပြီး သစ္စာတရားကြီးမားတယ်။ အရာအားလုံးကို လေးလေးစားစားနဲ့ အသေးအဖွဲ့ကအစ အာရုံထားတတ်တယ်။ ဘာပဲဖြစ်ဖြစ် သူ့သဘောကျ ကိုယ်တိုင်နှိုက်ကိုက သဘောတူ အစုစင်းဆိုသလိုမျိုး ပေးဆပ်ချစ်ခွင့်ကိုပဲ လိုချင်မိခဲ့တာကိုး။

BURMESE CLASSIC .com

www.burmeseclassic.com




ဥပါဒ်လမ်းကြောင်းက အောင်မြင်ရေးလမ်းကြောင်းကို အခုလိုပုံစံမျိုး ဖြတ်ကျော်နေခဲ့မယ်ဆိုရင် ...

## ကိုယ့်ရဲ့အပြစ် ချစ်သဖြင့်လျှင်

မလွတ်လက်သူနဲ့ ငြိစွန်းတတ်တယ်။ သူများရဲ့ချစ်သူကိုမှ ကိုယ်က အချစ်ကြီးချစ်တတ်မယ်။ နာမည်ပျက်အရှက်ကွဲပြီး သိက္ခာကျမှာကိုလည်း နားမလည်ဘူး။ ဆန့်ကျင်ဘက်လိင်များနဲ့ ခဏခဏ မကြာမကြာ ညားဖူးပါတယ်ဆိုသလိုမျိုးဖြစ်တတ်တယ်။ ငွေကြေးဂုဏ်သိက္ခာထက် ဆန့်ကျင်ဘက်လိင်နဲ့ ပိုပြီးနီးစပ်တဲ့သူမျိုး ဖြစ်တယ်။ ကိုယ်နဲ့ ကြုံဆုံခဲ့ရသမျှ လူတွေကလည်း လွတ်လပ်ကြသူတွေ ရှားတယ်။

BURMESE CLASSIC .com

www.burmeseclassic.com




နလုံးလမ်းကြောင်းက ဦးခေါင်းလမ်းကြောင်းနဲ့ အခုလိုမျိုး ရောထွေးယှက်တင် ဖြစ်နေခဲ့မယ်ဆိုရင် ...

## ချဉ်ချဉ်တူးတူး မူးရင်ပြီးရော

မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ ကိုယ်ထင်ရာ ကိုယ်လုပ်ရမှ စိတ်ချမ်းသာတတ်တဲ့လူမျိုး ဖြစ်တယ်။ ကိုယ်က ချစ်မိခဲ့ပြီဆိုရင်လည်း ဘာဆိုဘာမှ ဂရုစိုက်တတ်သူမျိုးလည်း မဟုတ်ဘူး။ အချစ်ကြီးတတ်သလို သဝန်ကြောင်တတ်တဲ့နေရာမှာလည်း နှစ်ယောက်မရှိဘူး။ ဘဝမှာ အနိမ့်ဆုံးအဆင့်ပဲရောက်ရောက်၊ အမြင့်ဆုံးမှာပဲ ရှိရှိ ဖြစ်လေရာရာအနေအထားမှာ ပျော်အောင်နေတတ်သူမျိုး ဖြစ်တယ်။ ဘယ်သူ့ရဲ့ အချုပ်အချယ်မှ မကြိုက်ဘူး။ ကိုယ်ကြိုက်တယ် ထင်လို့ကတော့ ... အဟင်း...။

BURMESE CLASSIC .com

www.burmeseclassic.com




အချိုးအစား မကျနတဲ့ ကြယ်လိုလို အမှတ်အသား တစ်ခုက သောကြာဂြိုဟ်ခုံပေါ်မှာ ထင်ထင်ရှားရှား ရှိနေခဲ့မယ်ဆိုရင် ...

## တချို့က ကြမ်းမှ ကြိုက်တယ်ဆို...

စိတ်ကူးယဉ်သမားတစ်ယောက်။ နေရာတကာမှာ အနုပညာဆန်ဆန် ရှိတယ်။ တွေးတတ်တယ်။ အသစ်အဆန်း၊ အနုအလှ ပကာသနကိုလည်း မက်မော တွယ်တာတတ်တယ်။ ရာဂစိတ် ကြီးမားပြင်းထန်လွန်းတယ်လို့ အဆိုရှိတယ်။ စန်းလည်း ပွင့်တယ်။ ဆန့်ကျင်ဘက်လိင်တွေရဲ့ စိတ်ဝင်စားခြင်းကိုလည်း ခံရတတ်တယ်။ လူက နုချင် နုမယ်။ဒါပေမယ့် အချစ်ကြမ်းလွန်းတတ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




လက်မရဲ့ ဒုတိယအဆစ်နေရာမှာ အခုလိုမျိုး ကြက်ခြေခတ်ပုံစံ ပါလာခဲ့မယ်ဆိုရင် ...

## သနားတယ် အချစ်ရယ်

သနားကြင်နာ၊ ငဲ့ညာစာနာတတ်လွန်းလို့ တချို့က အညှာလွယ်တယ်လို့ ထင်ကြမယ်။ ကိုယ့်ရဲ့ သဘောသဘာဝကို သူတစ်ဖက်သားကို အသနားပိုတတ်လွန်းမယ်။ အဲဒီတော့ ဘာဖြစ်သလဲဆိုရင် ကိုယ့်ထက် အခြေအနေ၊ အဆင့်အတန်းနိမ့်သူလိုလူမျိုး၊ အိမ်ဖော်၊ ဒရိုင်ဘာ၊ သူရင်းငှားလိုလိုမျိုးနဲ့ အိမ်ထောင်ကျတတ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




သောကြာဂြိုဟ်ခုံပေါ်မှာ အစုလိုမျိုး ရာဇမတ်ကွက်တွေ ပြည့်နေခဲ့မယ်ဆိုရင် …

**ဒါလေးများ. . .**

ရည်းစားများမယ်။ ဆန့်ကျင်ဘက်လိင်များနဲ့ အထိအတွေ့ နီးစပ်မှုတွေရှိမယ်။ တေးဂီတ၊ အနုပညာ၊ ပန်းချီ ပန်းပုကိုလည်း ကျွမ်းကျင်သူမျိုး ဖြစ်မယ်။ ကိုယ်ထင်တာ ကိုယ်လုပ်မယ်။ သူများကို ပေးဆပ်ရမှာ ဝန်မလေးသလို၊ ကိုယ့်ဘက်က ရယူဖို့ဆိုရင်လည်း မဖြစ် ဖြစ်အောင်၊ မရ ရအောင် လုပ်ယူတတ်သူမျိုး ဖြစ်တယ်။ ဒေါသကြီးပေမယ့် ချစ်တတ်သူပါပဲ။ ကာမဆန္ဒကိစ္စမှာ ထကြွနိုးကြားလွယ်တယ်။ တော်ရုံတန်ရုံကိစ္စမျိုးကို အသေးအမွှားလောက်ပဲ သဘောထားတတ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




သောကြာဂြိုဟ်ခုံမှာ ကြက်ခြေခတ် အမှတ်အသားကို တွေ့ခဲ့ရမယ်ဆိုရင် ...

**တစ်ယောက်တည်းပဲ ကောင်းပါတယ်**

အရက်အကြောက်လည်း ကြီးတယ်။ ဣန္ဒြေလည်း ရှိတယ်။ ဆန့်ကျင်ဘက်လိင်တို့ရဲ့ သဘောမနောကို ကျွမ်းကျင်မှုမရှိ၊ နားလည်မှု မရှိတတ်ပါဘူး။ စိတ်တိုတဲ့ လူမျိုးဖြစ်တယ်။ တစ်လင်တစ်မယားစနစ်ကိုပဲ သဘောကျတယ်။ ပန်းဆိုရင်လည်း တစ်ပွင့်တည်း ပန်တတ်သလို ချစ်မိရင်လည်း တစ်ယောက်တည်းပဲ။ သစ္စာတရား ကြီးမားတတ်တယ်။ တစ်ကိုယ်ကောင်း ဆန်တတ်တယ် ထင်ရပေမယ့် ကိုယ့်ဘက်က မှန်တာပဲ လုပ်တတ်လို့ ဘယ်သူ့မှ သိပ်ပြီး ဂရုမစိုက်တတ်ဘူး။

www.burmeseclassic.com




ဥပါဒ်လမ်းကြောင်းအစမှာ ကြယ်အမှတ်အသားမျိုးနဲ့ အစပျိုးခဲ့ပြီး စနေဂြိုဟ်ခုံ (လက်ခလယ်)မှာ ခက်ရင်းခွ ပုံစံမျိုးနဲ့ အဆုံးသတ်နေခဲ့မယ်ဆိုရင် ...

## ကိုယ် မပျော်ဘူး အချစ်ရယ်

ကိုယ့်ဘက်က ဘယ်လောက် ကောင်းအောင် နေနေ လုပ်လုပ်၊ ကိုယ့်ချစ်သူရဲ့ ငြိုငြင်မှုကို တစိမ့်စိမ့် ခံစားနေရမယ်။ ကိုယ့်ချစ်သူက ကိုယ့်အပေါ် စိတ်တိုင်းမကျနိုင်ဘူးဖြစ်နေမယ်။ အချစ်ရေး၊ အိမ်ထောင်ရေးနဲ့ ပတ်သက်ရင် အကျိုးမပေးဘူးလို့ ပြောရလိမ့်မယ်။ ချစ်သူကြောင့် စိတ်ဆင်းရဲရမယ်။ ကိုယ့်ရှေ့မှာတင် သေရင်လည်းသေနိုင်သလို ရူးရင်လည်း ရူးသွားတတ်တဲ့ ချစ်သူမျိုးကိုမှ ကိုယ်ကိုးစွန့်ပြီး ချစ်တတ်သူရဲ့လက်မှာ အဲဒါတွေ ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com




ဥပါဒ်လမ်းကြောင်း နှစ်ကြောင်းပါနေပြီး ကြယ်အမှတ် အသားတစ်ခုမှာ စုစည်းပေါင်းဆုံနေခဲ့မယ်ဆိုရင် …

**မင်းတို့နှစ်ယောက်ကြား… ပျာများခဲ့ရ ကိုယ့်ဘဝပါကွယ်**

အရှက်တကွဲ အကျိုးနည်းတော့လည်း မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် စိတ်ညစ် စိတ်ဆင်းရဲစရာတွေနဲ့ တွေ့ကြုံရင်ဆိုင်ရတတ်တယ်။ ကိုယ့်ရဲ့ ကျွမ်းကျင်လိမ္မာမှုမရှိခဲ့လို့ အချစ်ရေးကိစ္စနဲ့ ပတ်သက်ဆက်နွယ်ပြီး နှစ်ကြိမ်ထက်မနည်း ဖြေရှင်းရင်ဆိုင်ရလိမ့်မယ်။ ကိုယ်ကလည်း ချစ်သူနှစ်ယောက်ကို တစ်ပြိုင်တည်းထားခဲ့မိလို့ အဲဒီနှစ်ယောက်ကြားမှာ ဟိုလည်း မခွာနိုင်၊ ဒီလည်းမခွဲရက်နဲ့ … အင်း။

BURMESE CLASSIC .com

www.burmeseclassic.com




သောကြာဂြိုဟ်ခုံပေါ်မှာ ဒေါင်လိုက်ကျကျ မျဉ်းကြောင်းတွေနဲ့ ရှုပ်ထွေးပွေလီနေခဲ့မယ်ဆိုရင် …

**အသည်းနှင့်နှင့် ချစ်သဖြင့်လျှင်…**

တဏှာရာဂနဲ့ပတ်သက်လာရင် ကြမ်းတမ်းရက်စက်ရမှာ ဝန်မလေးတတ်ဘူး။ အပြောစာအုပ်၊ အပြောရုပ်ရှင်ကားတွေကို ကြိုက်တတ်သလို ဆန့်ကျင်ဘက်လိင် အပေါ်မှာ စိတ်ဝင်တစားရှိလွန်းလှပေမယ့် ချစ်မိပြီဟော့ဆိုရင် အသည်းနှင့်နှင့် တန်းတန်းစွဲချစ်တတ်သူမျိုး ဖြစ်တယ်။ သွေးသားဆန္ဒကြောင့် အရွယ်ရောက်စမှာပဲ အပျိုရည်ပျက်၊ လူပျိုရည်ပျက်နှင့်ပြီးသား ဖြစ်နေမယ်။ ဒေါသစိတ်ကြီးပေမယ့် ဆန့်ကျင်ဘက်လိင်ကို ကိုယ့်ဘက်ပါအောင် စွဲအောင် ဆွဲဆောင်နိုင်စွမ်းလည်း ရှိတယ်။ အချစ်ရေးမှာလည်း ကံကောင်းနေတတ်ပြန်ရော…တဲ့။

BURMESE CLASSIC .com

www.burmeseclassic.com




အသက်လမ်းကြောင်းမှာရှိတဲ့ အတက်ငယ်ကလေးကို ဥပါဒ်လမ်းကြောင်းက ဖြတ်တက်သွားပြီး အိမ်ထောင်ရေးလမ်းကြောင်းကိုပါ ဆက်လက်ကျော်ဖြတ်နခဲ့ရင်…

**စွန့်ခွာရက်၊ ကျန်နေခဲ့ရဲ့…**

ကိုယ်ကမှ မကောင်းခဲ့တာ။ ချစ်သူရဲ့ ကွယ်ရာကွယ်ထောင့်မှာ သစ္စာမဲ့တတ်၊ ဖောက်ပြန်တတ်လေသူမျိုးဖြစ်တယ်။ ကိုယ့်ရဲ့ချစ်သူက ကိုယ့်ရဲ့ ချို့ယွင်းချက်၊ မိုက်မှားချက်တွေကို သည်းညည်းမခံနိုင်တော့ဘူး။ ကိုယ်ကလည်း သူ့အပေါ်ကို ကာမဂုဏ်နဲ့ ချစ်ခြင်းထက် သနားကြင်နာခြင်းက ပိုနေတတ်သူမျိုးပေါ့။ ချစ်သူက ကိုယ့်ကိုစိတ်နာပြီး စွန့်ခွာခဲ့လို့ ကွဲကွာကျန်နေရစ်ခဲ့ရတဲ့ လက်ပုံစံမျိုးပါပဲ။

BURMESE CLASSIC .com

www.burmeseclassic.com




အဖိုအင်္ဂါကြိုဟ်ခုံကလာတဲ့ ဥပါဒ်လမ်းကြောင်းမှာ အမှတ်အသားပါနေမယ်၊ ပြီးတော့ ... အသက်လမ်းကြောင်းကို ထိပ်တိုက်သွားရောက် ထိတွေ့နေမယ်ဆိုရင် ...

**သွားနှင့်တော့ အချစ်ရယ်...**

အချစ်ရေးကိစ္စနဲ့ ပတ်သက်လာရင်ကြေကွဲပူဆွေးမှုတွေနဲ့ ပြည့်ပြည့်စုံစုံကြီး ဖူလုံနေမယ်။ အချစ်ကံကြမ္မာ ဘဝဒါရိုက်တာ ဇာတ်ဆရာရဲ့ ဇာတ်ညွှန်းအရ သောကသူဌေး၊ သောက သူဌေးမလေး ဖြစ်နေရမယ်။ ကိုယ်က ချစ်ခင်မြတ်နိုး စွဲလမ်းလွန်းလှတဲ့ ချစ်သူက ကိုယ့်ရဲ့ လက်ပေါ်မှာပဲ ကွယ်လွန်တိမ်းပါးသွားတတ်တယ်လို့ ဖွင့်ဆိုကြပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com




ကျွန်းအမှတ်အသားဖြစ်နေတဲ့ ဥပါဒ်လမ်းကြောင်းတိုဟာ အသက်လမ်းကြောင်းကို အခုလိုမျိုး ဖြတ်လျက် အနေအထား ရှိနေခဲ့မယ်ဆိုရင် …

## ကိုယ့်သဘော မပါခဲ့ရပါဘူး

ကိုယ်က ဘယ်လိုမှချစ်လို့ရတာမျိုး မဟုတ်ဘူး။ အလိုလည်း မတူဘူး။ သူ့ကိုလည်း မကြိုက်ဘူး။ ဒါပေမယ့် ကိုယ့်ကို ဖြားယောင်းသွေးဆောင် လှည့်စားလို့ ဖြစ်ဖြစ်၊ အတင်းအဓမ္မဘလက္ကာယပြုကျင့်လို့ပဲဖြစ်ဖြစ်၊ ကိုယ့်ဘက်က မမှားခဲ့ပါဘဲနဲ့ အနိုင့်အထက် စီးနင်းခြင်းခံရမယ်။ ကိုယ့်ဘက်က သဘောတူခဲ့ရင်တောင်မှ ကျောရရုံ ကြံသွားတာမျိုး ကြုံရမယ်။

BURMESE CLASSIC .com

www.burmeseclassic.com




သောကြာခါးပတ်လို့ခေါ်တဲ့ လမ်းကြောင်းတိုလေးတွေဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်ပြီး အခုလို ပုံစံမျိုးရှိနေခဲ့မယ် ဆိုရင် ...

## ချစ်ဦးသူနဲ့ လွဲခဲ့ရပြီ

အညှာလွယ်ပြီး မြှောက်တာပင့်တာမျိုးကို သာယာတတ်မယ်။ စီးပွားရေးထက် လူမှုရေးကိစ္စရပ်တွေကို ပိုပြီး ဦးစားပေးတတ်သူ ဖြစ်တယ်။ အချစ်ရေးမှာ ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ရင်မဆိုင်ရဲတတ်ပေမယ့် စိတ်ကူးယဉ်တတ်မယ်။ လက်တွေ့ဘဝထက် အိပ်မက်ဆန်တဲ့ကိစ္စတွေကို ပိုပြီး စိတ်ဝင်တစားရှိမယ်။ တကယ်တမ်း ပြဿနာတစ်ခုနဲ့ ရင်ဆိုင်ခဲ့ရရင်လည်း တုန်လှုပ်ချောက်ချားပြီး ကြောက်တတ်သူမျိုးလည်းဖြစ်တယ်။ အသေချာဆုံးကတော့ ရည်းစားဦးနဲ့ မပေါင်းဖက်ရဘဲ စလယ်ဝင်ဖင်မမည်းခင်ကဆိုသလို ကွဲရ၊ လွဲရတတ်ပါတယ်။

www.burmeseclassic.com




သောကြာခါးပတ် ပါမယ်။ တနင်္ဂနွေဂြိုဟ်ခုံ အောက် တည့်တည့်မှာရှိတဲ့ လမ်းကြောင်းတို တစ်ခုက အဲဒီ သောကြာခါးပတ်ကို ဖြတ်နေတာမျိုး ပါလာခဲ့ရင် …

**ကိုယ့်ကိုကိုယ်ဖျက် အငယ့်အတွက်**

စိတ်ကူးယဉ်တတ်သလို ဉာဏ်နီဉာဏ်နက်လည်း များတတ်တယ်။ တိုးတက်ကြီးပွားရေး၊ စီးပွားရေးလမ်း ကြောင်း ဂရပ်မျဉ်းဟာ အတက်အကျ မြန်ဆန်လွန်းမယ်။ ကိုယ်က တစ်ခုခုကို ရယူဖို့အတွက် ကိုယ့်ဘက်က ပေးဆပ်ရမှာ ဝန်မလေးသလို လိမ်ရညာရမှာကိုလည်း မမှုပါဘူး။ ဆန့်ကျင်ဘက် လိင်တစ်ယောက်ကြောင့် ဘဝ တစ်ခုလုံး အပြောင်းလဲကြီး ပြောင်းလဲတတ်သလို၊ အငယ် အနှောင်းထားမိတဲ့အတွက် အရှက်တကွဲ အကျိုးနည်း ရတတ်သူမျိုးဖြစ်ပေမယ့် ခေါင်းမာမာနဲ့ မျက်နှာပြောင် တိုက်ရဲသူလည်း ဖြစ်တတ်ပါသတဲ့။

BURMESE CLASSIC .com

www.burmeseclassic.com




ကံလမ်းကြောင်းက တနင်္လာဂြိုဟ်ခုံပေါ်ကနေပြီး ဦးခေါင်းလမ်းကြောင်းနဲ့ နှလုံးလမ်းကြောင်းကို လှေကားထစ်တွေလို ဖြတ်တက်သွားမယ်ဆိုရင် ...

## သိပ်ကြာရင် မကြိုက်ဘူး

ရည်းစားလေး နှစ်ယောက်လောက်ထားရင် အတော်ပဲဆိုတဲ့လက်မျိုး ဖြစ်ပါသတဲ့။ ချစ်သူတစ်ယောက်ရှိပေမယ့် မလုံလောက်မပြည့်စုံ မတင်းတိမ်သလိုမျိုး။ သူတို့ကိုလည်း သိပ်ပြီး စိတ်တိုင်းကျလှတာ မဟုတ်ဘူး။ ကိုယ့်စိတ်က ဆန့်ကျင်ဘက်လိင်ရဲ့ အပေါ်မှာပဲ ရှိနေတတ်သလို အခွင့်သာရင် ခြံခုန်ကူးဖို့ ဝန်မလေးဘူး။ တစ်ယောက်ရဲ့အပေါ်မှာလည်း ကြာကြာကြီး အာရုံမခံစားနိုင်ဘူး။ တကယ်လို့ အိမ်ထောင်ကျမယ်ဆိုရင် အိမ်ထောင်ဆက်လည်း များဦးမှာပါတဲ့။

BURMESE CLASSIC .com

www.burmeseclassic.com




ကံကြမ္မာလမ်းကြောင်းက ဒီလိုမျိုးတော့ ကောင်းနေမယ်။ ဥပါဒ်လမ်းကြောင်းကလည်း အဲဒီလိုမျိုး အနေအထားနဲ့ ရှိနေခဲ့မယ်ဆိုရင် ...

## တချို့က ဆန်းမှုကြိုက်တယ်... ဆို

သူတစ်ပါးရဲ့ တွေးခေါ် ထင်မြင်ယူဆချက်နဲ့ လုပ်နည်းလုပ်ဟန်တွေကို လက်သင့်မခံဘူး။ ကိုယ်တိုင် ကိုယ်က တီထွင်ဆန်းသစ်ရတာကို ကြိုက်တယ်။ လုပ်လိုက်သမျှလည်း ထူးထူးဆန်းဆန်းတွေချည်းပဲ။ အံ့သြစရာကောင်းလောက်အောင် ကြံစည်လုပ်ကိုင်ဆောင်ရွက်တတ်တယ်။ ကိုယ့်ချစ်သူကိုလည်း လွှမ်းမိုးချုပ်ကိုင်ချင်စိတ်ရှိသလို၊ တဏှာရမ္မက် ကာမစိတ်လည်း ပြင်းထန်တယ်။ လိင်ဆက်ဆံတဲ့နေရာမှာတောင်မှ သူမတူ၊ တစ်မူထူးအောင် ပြုကျင့်တတ်သူမျိုး ဖြစ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




ကံလမ်းကြောင်းကနေပြီး 'အထက်ကို တက်သွားတဲ့ လမ်းသွယ်က နှလုံးလမ်းကြောင်းနဲ့ ငြိပြီး ရပ်နေခဲ့ရင်…

**ဘာလိုချင်သလဲ… ဘာဖြစ်ချင်သလဲ…**

**ဘာလုပ်ချင်သလဲ**

ကိုယ့်စိတ်ထဲမှာရှိတာကို ကိုယ့်ချစ်သူကို ဖွင့်ပြော လိုက်။ အားလုံးအထမြောက်၊ အဆင်ပြေအောင်မြင်သွား လိမ့်မယ်။ ကိုယ့်ရဲ့ချစ်သူက ကိုယ့်အပေါ် အရိပ်တကြည့် ကြည့်နဲ့ ဂရုတစိုက်ရှိတာကို ခံစားရမယ်။ ကိုယ့်ကို အထင်ကြီးနေမယ်။ ကိုယ်ပြောသမျှ စကားအားလုံးကို ပညတ်တော်လို မြေဝယ်မကျ နားထောင်ဖြည့်ဆည်းတတ် တဲ့ ကိုယ့်ထက်ကြွယ်ဝချမ်းသာတဲ့ ချစ်သူမျိုးကိုရမယ်။

www.burmeseclassic.com




ကြာသပတေးဂြိုဟ်ခုံပေါ် ကော့တက်နေတဲ့ လမ်းသွယ်လေး တစ်ခုပါတဲ့ နှလုံးလမ်းကြောင်းမျိုး ကိုယ့်လက်ဝါးမှာ ပါလာခဲ့ရင် ...

## မာရင်သံချောင်း ပျော့ရင် ငပျော့

သေးသေးမွှန်မွှန်ကိစ္စလေးပဲဖြစ်ဖြစ်၊ ကြီးကြီးကျယ်ကျယ် လုပ်ပြလိုက်ရမှ စိတ်ချမ်းသာမယ်။ တကယ်တော့ ကိုယ့်ရဲ့ ညံ့ဖျင်းမှုတွေပါပဲ။ ဘာမဟုတ်တဲ့ ပြဿနာလေးကြောင့် ရေးကြီးခွင်ကျယ် ဖြစ်ရတတ်တယ်။ နေရာတကာမှာ ဆရာလုပ်ချင်တယ်။လင်ကောင်းသားကောင်း၊ ဇနီးကောင်းနဲ့ ရတတ်တယ်။ မကြာမကြာ တကျက်ကျက်နဲ့ ရန်ဖြစ်တတ်ပေမယ့် ကိုယ့်က အချော့ကြိုက်တတ်လို့ တစ်ချက်လောက် ချော့လိုက်ရင်ပဲ ...။

www.burmeseclassic.com




နှလုံးလမ်းကြောင်းဟာ လက်ခလယ်ကနေ တိုတိုလေး ပုံပြပါအတိုင်း တည်ရှိနေမယ်ဆိုရင် …

**လှတာလေးမှ လိုချင်တယ်**

ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး စိတ်ကြီးဝင်နေ တတ်သူပါပဲ။ ရိုးအထုံထိုင်းသလိုလိုနဲ့ တကယ့်လက်တွေ့မှာ ဆတ်ဆတ်ထိမခံ၊ လက်ရဲဇက်ရဲ ရှိတတ်သလို ဂုဏ်ဓန အဆင့်အတန်းကို မက်မောတယ်။ ကိုယ်တိုင်၌က မယ်ကုဝဏ်၊ မင်းကုသလို အရုပ်ဆိုး အကျည်းတန်နေပါစေ…လှတာချောတာ ပြေပြစ်တာလေးတွေကိုမှ တပ်မက်တဲ့ စိတ်ထားကတော့ တစ်ပြားသားဖိုးလောက်မှ လျော့သွားမှာ မဟုတ်ပါဘူး။

BURMESE CLASSIC .com

www.burmeseclassic.com




ဦးခေါင်းလမ်းကြောင်းရဲ့အဆုံးမှာ နှစ်ခွဖြစ်နေမယ်။ တစ်ခွက ကော့တက်ပြီး နှလုံးလမ်းကြောင်းနဲ့ ထိတွေ့နေမယ်၊ တစ်ခွက အခုလိုမျိုး တနင်္လာဂြိုဟ်ခုံပေါ် ဆင်းသွားမယ် ဆိုရင်တော့လား ...

## ဘယ်လိုပဲလုပ်ရ လုပ်ရလေ

ဘာမှ သိပ်ပြီး ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘူး။ တလွဲဆံပင်ကောင်းတဲ့ အချစ်သူရဲကောင်းတစ်ယောက်ပဲ ဖြစ်ချင်တယ်။ ချစ်သူအတွက်ဆို စွန့်စားရဲတယ်။ ကိုယ့်ချစ်သူ စိတ်ချမ်းသာစေရေးအတွက် အချစ်ရဲ့မျက်နှာ ကွက်ကွက်ကလေးကိုပဲကြည့်ပြီး အရာရာကို ရင်ဆိုင်ရဲတဲ့ သတ္တိတွေက ခန္ဓာကိုယ်အနံ့ ပျံ့နှံ့နေတဲ့ သွေးကြောတွေလိုပဲ။ ဘာပဲပေးဆပ်ရ၊ ယုံမှတ်ပြီး ပုံအပ်ဖို့ရာ ဝန်မလေးပါဘူး။ အဲဒီအချစ်ကြောင့်ပဲ အရူးကွဲတတ်တဲ့ လက်ပုံစံမျိုးလို့ အဆိုရှိတယ်။

www.burmeseclassic.com




တွဲဖက်အသက်လမ်းကြောင်း၊ ပင်မအသက်လမ်းကြောင်း၊ ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်း၊ အိမ်ထောင်ရေးလမ်းကြောင်းတို့ကို ထုတ်ချင်းခတ် ဖြတ်သန်းသွားတဲ့ အခုလို လမ်းကြောင်းရှည်တစ်ခုကို တွေ့ခဲ့မိတယ်ဆိုရင်…

## ကိုယ့်အပြစ်နဲ့ကိုယ်ပါကွယ် ရှုပ်ပါစေ တကယ်

နေရာတကာမှာ သိပ်ပြီး ကလေးဆန်လွန်းတတ်တယ်။ ချစ်သူအပေါ်အနိုင်ယူချင်စိတ်ကလည်း အမြဲတမ်းလိုလို ဖြစ်နေတယ်။ စိတ်ကောက်တတ်မယ်၊ စိတ်ဆိုးလွယ်မယ်။ သည်းညည်းလည်း မခံနိုင်ဘူး။ ချစ်သူဆိုတာကို အရုပ်ကလေးတွေလို သဘောထားပြီး အခုတစ်မျိုး အခုတစ်မျိုး ရိုးသွားရင် စွန့်ပစ်တတ်ပြီး သစ္စာလည်းမဲ့တတ်မယ်။ အချစ်ရေးကလည်း လုံးဝ မတည်ငြိမ်ဘူး။ ဒီတော့ကာ …ကိုယ့်ကြောင့် စင်စစ်ဧကန်ဖြစ်ပြီး အချစ်ဆိုတဲ့ ကမ္ဘာလေးပျက်သွားမယ်။

BURMESE CLASSIC .com

www.burmeseclassic.com




ပင်မအသက်လမ်းကြောင်းကို အတူတွဲဖက် အသက်လမ်းကြောင်းက ဖြတ်ဆင်းပြီး တနင်္လာဂြိုဟ်ခုံ တည်ရှိရာ ရပ်ကွက်မှာ အခြေချနေခဲ့ရင် …

## အားမရဘူး အချစ်ရယ်

ကြိုတင် ကြံစည်စိတ်ကူးပြီးမှ သွေးအေးအေးနဲ့ ရက်စက်တတ်သူ ပညာတတ်တစ်ယောက်ပါပဲ။ သတ်ရမှာဝန်မလေးသလို သေရမှာကိုလည်း နည်းနည်းလေးမှ ကြောက်စိတ်ရှိလှတာ မဟုတ်ဘူး။ ကာမဆန္ဒ အင်အားကြီးတယ်။ တစ်ယောက်တည်းနဲ့ တင်းတိမ်အားရမှု မရှိဘူး။ နောက်တစ်ယောက်နဲ့ ဖောက်ပြန်ရမှာကိုလည်း ဝန်မလေးဘူး။အပျော်အပါးမက်သလို ပေါးလားဝါးလား နေချင်တယ်။ ကိုယ် စိတ်ချမ်းသာဖို့၊ ကိုယ့်အလိုပြည့်ဖို့ပဲ အရေးကြီးတယ်။သူများက ဖျက်ဆီးစရာမလိုဘဲ ကိုယ်က ပျက်စီးချင်နေတတ်သည်။

BURMESE CLASSIC .com

www.burmeseclassic.com




ကြာသပတေးဂြိုဟ်ခုံအထက် လက်ညှိုးရဲ့ အောက်ခြေမှ အစပြုလာတဲ့ နှလုံးလမ်းကြောင်းမျိုး ပါလာခဲ့ရင် …

**အသည်းဆိုင်အညာတစ်ခက်ရယ်…**
**မခွဲနိုင်မခွာရက်တယ်**

မမြင်ဘူးလို့ မူးကိုပဲ မြစ်ထင်တယ်၊ ထမင်းရည်ပူ အတူလျက်လို့ တဲအိုပျက်နဲ့ လမ်းဘေးမှာပဲ နေရ နေရ၊ ကိုယ့်ချစ်သူက ဘယ်လောက်ဆိုးဆိုး ဒုက္ခတွေကိုပဲ ပေးပေး…ဘယ်သူ့မှ ဂရုမစိုက်။ ဒူးနဲ့မျက်ရည် အကြိမ်ကြိမ် အခါခါ သုတ်ရစေဦးတော့… ကိုယ့်ချစ်သူရဲ့အပေါ် အပြစ်မမြင်ရက်။ အပြစ်မတင်တတ်၊ ချစ်ခင်မြတ်နိုး ဆတက်ပိုးတိုးလို့ ရိုကျိုးနာခံ အချစ်စံတင်လောက်အောင် မခွဲနိုင်မခွာရက်၊ အချစ်အတွက်ဆို အသက်ကိုစွန့်ဖို့မျှ ဝန်မလေး။ အချစ်ကိုပဲ အားဆေးတစ်ခွက်လို မက်မက်မစက်စက်ရှိနေတတ်သူရဲ့ လက်မျိုးပါပဲ …တဲ။

BURMESE CLASSIC .com

www.burmeseclassic.com




နှလုံးလမ်းကြောင်းမှာ ကျွန်းတွေတော့ ခံမနေဘူး။ ဒါပေမဲ့ အခုလိုမျိုး ကန့်လန့်ကန့်လန့်နဲ့ ဘားကလေးတွေသာ ဖြစ်နေခဲ့မယ်ဆိုရင် ...

## အဆင်မပြေဘူး အချစ်ရယ်

ကိုယ်ဖြစ်ချင်တဲ့ ပုံစံမျိုး ချစ်သူမှာ မရှိပါဘူး။ လုပ်ချင်တာကိုပဲ ဇွတ်လုပ်တတ်တဲ့ချစ်သူမျိုးကို ပိုင်ဆိုင်ရမယ်။ ကိုယ်က သာယာအောင် ဖန်တီးလိုက်၊ ချစ်သူက ဖျက်ဆီးလိုက်နဲ့ အဖန်ဖန်တလဲလဲကြီးကို အချစ်ရေးက အဆင်မပြေဘူး။အဲဒီချစ်သူကြောင့် ခဏခဏစိတ်ဆင်းရဲရမယ်။

BURMESE CLASSIC .com

www.burmeseclassic.com




သံကြိုးကွင်းဆက်တွေနဲ့ ပြည့်နှက်နေတဲ့ ပုံပါအတိုင်း နှလုံးလမ်းကြောင်းသာ ပါလာခဲ့မယ်ဆိုရင် …

**မီးစိမ်းတွေ အကုန်ပြထားတယ်**

လက်ရှိ ချစ်သူထက် အခြားတစ်ယောက်ကို ပိုပြီး စိတ်ဝင်စားမှုရှိနေမယ်။ အလိုရမ္မက်စိတ်များ နိုးကြွပြည့်လျှံနေမယ်။ ရှေ့မီး၊ နောက်မီး၊ ဘေးမီးတွေ အကုန်လင်းချင်နေတဲ့ စိတ်တွေက မရိုးမရွ ရှိနေမ်ယ။ လိုက်လည်း လိုက်စားတတ်မယ်။ အရွယ်မရောက်ခင်က ရည်းစားထားချင်တတ်တယ်။ အပျိုရည်၊ လူပျိုရည်ပျက်ရမှာကိုလည်း ဝန်မလေးတတ်ဘူး။ ချစ်ခြင်းမေတ္တာထက် သွေးသားဆန္ဒကိုပဲ ဦးစားပေးတတ်တဲ့လက်မျိုး ဖြစ်တယ် ဆိုတာ တွေ့ရတယ်။

BURMESE CLASSIC .com

www.burmeseclassic.com




နှလုံးလမ်းကြောင်းက သေးသေးမျှင်မျှင် နက်နက်ရှိုင်းရှိုင်း နဲ့ ရှည်ရှည်ကြီး တည်နေခဲ့မယ်ဆိုရင် ...

**သူလေ... ဆဲတယ်... သူလေ ရက်စက်မယ်**

ဒေါသအမျက် စိတ်ခက်ထန်ပြီး မာနကြီးမယ်။ ဘယ်သူ့စကားမှ သိပ်နားထောင်ချင်တဲ့ ပုံစံမျိုး မဟုတ်ဘူး။ မောက်မောက်မာမာ ရှိမယ်။ ပက်ပက်စက်စက် ဆဲရေးတိုင်းထွာပြီး ထုရိုက်ကုပ်ဖွဲ့တတ်တယ်။ မျက်နှာကလည်း ဘာများသလဲမပြောနဲ့။ စကားလည်း များတတ်သေးတယ်။ အနိုင်ကျင့်ချင်စိတ်၊ အသာစီးရလိုမှုတွေနဲ့ ဖိစီးနေမယ်။

www.burmeseclassic.com




နှလုံးလမ်းကြောင်းကို တနင်္လာဂြိုဟ်ခုံပေါ်ကနေ အစပြုပြီး ကံကြမ္မာလမ်းကြောင်းက အဲဒီလိုမျိုး တည်ရှိဖြစ်ပေါ်နေခဲ့မယ်ဆိုရင် …

## ကိုယ်ကောင်းရတာ သူ့ကြောင့်

ကိုယ့်ဘ၀မှာ မကြာခဏဆိုသလို ငွေအစုလိုက် အပုံလိုက် ရတတ်ပေမယ့် ငွေတော့ မမြဲတတ်ပါဘူး။ ကိုယ့်ရဲ့ချစ်သူက ကိုယ့်အပေါ်မှာ တစ်ဖက်သတ် အနစ်နာခံပြီး ချစ်တဲ့သူမျိုး ဖြစ်မယ်။ ကိုယ့်ထက်လည်း အစစအရာရာ အဆင့်အတန်းမြင့်တဲ့သူမျိုး ဖြစ်တယ်။ ဆန့်ကျင်ဘက်လိင်များရဲ့ အလုပ်အကိုင် ငွေကြေးကူညီမှုများရပြီး အကျိုးစီးပွား ဖြစ်ထွန်းတတ်တယ်။ ကိုယ်ကလည်း အပြောအဆို၊ အနေအထိုင်၊ ဆက်ဆံရေးကောင်းပြီး သူများတကာရဲ့ စိတ်ဝင်စားမှုကို ခံရမယ်။

BURMESE CLASSIC .com

www.burmeseclassic.com




ကာမလမ်းကြောင်းမှာ အဖြတ်အတောက်မရှိဘဲ ထင်ထင်ရှားရှား ရှိနေခဲ့မယ်ဆိုရင် ...

**ကိုယ်ကတော့ အဲဒါတစ်ခုတည်းသိတယ်**

ရည်းစားများပြီး အပျော်အပါးကို လွန်လွန်ကျူးကျူး လိုက်စားလိုတဲ့ဆန္ဒ ရှိတယ်။ အချစ်ရေးကိစ္စတွေမှာလည်း အပေါ်စီးကနေပြီး အနိုင်ယူလိုစိတ်ရှိနေမယ်။ ငယ်ရွယ်စဉ်ကတည်းက တစ်ကိုယ်တော် ဆန္ဒဖြေဖျောက် သုတ်လွှတ်တတ်တဲ့အကျင့် ရာဂရှိမယ်။ အချစ်မေတ္တာထက်၊ စိတ်အာရုံခံစားမှုမျိုးကိုပဲ ပိုပြီး လိုလားတပ်မက်မယ်။ အတ္တသမားစစ်စစ်ဖြစ်ပြီး ကိုယ်ဖြစ်ချင်တာကို လုပ်ရမှလည်း ကျေနပ်တဲ့လူမျိုး ဖြစ်တယ်။ ကိုယ့်စိတ်ထဲမှာ ရယူလိုမှု တစ်ခုကလွဲရင် ဘာမှ သိပ်မသိတတ်ချင်ဘူး။

BURMESE CLASSIC .com

www.burmeseclassic.com




အိမ်ထောင်ရေးလမ်းကြောင်းနဲ့ နှလုံးလမ်းကြောင်းတို့ဟာ အခုလိုမျိုး ပူးပူးကပ်ကပ် တည်ရှိနေခဲ့မယ်ဆိုရင် …

**ပုစွန်ဆိတ်ကလေး ဘယ်လိုငယ်ငယ်**

အများဆုံးအသက် ၁၆နှစ်နဲ့ ၂၀နှစ်အကြားမှာ အိမ်ထောင်ကျလိမ့်မယ်လို့ ပြောလို့ရမယ်။ ငယ်ရွယ်စဉ်ကတည်းက ကိုယ်နဲ့သွေးသားမတော်စပ်တဲ့ ဆန့်ကျင်ဘက်လိင်များကို စိတ်ဝင်စားနေလိမ့်မယ်။ ချစ်သူနဲ့ပဲ ပူးပူးကပ်ကပ် အမြဲနေချင်တဲ့စိတ်ရှိမယ်။ သံယောဇဉ်ကြီးပြီး မြတ်နိုးတွယ်တာတတ်မယ်။ ကိုယ့်ထက်ကြီးတဲ့သူနဲ့ မှောက်မှောက်မှားမှား လွန်လွန်ကျူးကျူးဖြစ်ပြီးမှ ယူရတတ်တယ်။

www.burmeseclassic.com




အောက်ခြေအင်္ဂါဂြိုဟ်ခုံက တက်လာတဲ့ဥပါဒ် လမ်းကြောင်းဟာ အသက်လမ်းကြောင်း၊ ဦးခေါင်းလမ်းကြောင်း၊ နှလုံးလမ်းကြောင်းတို့ကိုဖြတ်ပြီး အိမ်ထောင်ရေး လမ်းကြောင်းနဲ့ ထိနေမယ်ဆိုရင် …

## မေ့လို့မရ… တသသနှင့်

တစ်ယောက်နဲ့ တစ်ယောက် အပျောက်မခံနိုင် လောက်အောင်ကို ချစ်ခင်မြတ်နိုးတတ်ကြမယ်။ သစ္စာ၊ မေတ္တာကို အရင်းခံပြီး အသက်ပေးချစ်တတ်ကြပေမဲ့ ကြားပယောဂ အဖျက်ကဝင်ပြီး နှောင့်ယှက်လို့ တစ်ယောက်နဲ့တစ်ယောက် အထင်အမြင်လွဲမှားပြီး သာယာတဲ့ အချစ်အိမ်ကလေး ပျက်စီးပြိုကွဲရမယ်။ ဘယ်လိုပဲ၊ ကွဲကွဲကွာကွာ၊ ဘယ်လောက်ပဲ အချိန်တွေကြာကြာ၊ တသတသနဲ့ မေ့ပျောက်လို့မရအောင် အလွမ်းတာရှည် ခံစားရမယ်။

BURMESE CLASSIC .com

www.burmeseclassic.com




သောကြာဂြိုဟ်ခုံပေါ်မှာ ရာဇမတ်ကာကွက်တွေ ထူထူထပ်ထပ်နဲ့ ပြည့်နေခဲ့မယ်ဆိုရင် ...

**အချစ်ဆိုတာ ဘာလဲဟင်...**

အနုပညာ တေးဂီတ၊ ကဗျာ၊ စာပေတို့မှာ ကျွမ်းကျင်နှံ့စပ်သူတစ်ယောက် ဖြစ်မယ်။ အလွန်အင်မတန် စန်းပွင့်တဲ့ လက်ပိုင်ရှင်ပါပဲ။ ဆန့်ကျင်ဘက်လိင်များနဲ့ အမြဲလိုလို ရောထွေးယှက်စပ်နေပါလိမ့်မယ်။ ဒေါသအမျက် ထွက်လွယ်သလို ကာမရာဂစိတ် ထကြွမှု၊ သွေးသား တက်ကြွမှု မြန်မြန်ဆန်ဆန် ရှိနေမယ်။ ရည်းစားလည်း များတတ်မယ်။ အချစ်ရေးထက် ခန္ဓာကိုယ် သွေးသားအရေးကို ပိုပြီးဦးစားပေးတတ်သူများ ဖြစ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




ကံလမ်းကြောင်းကို အောင်မြင်ရေး လမ်းကြောင်းမှ လမ်းသွယ်လေးက ထိတွေ့နေမယ်ဆိုရင် …

**အားကိုးပါတယ် အချစ်ရယ်…**

ကောင်းမြတ်တဲ့ အရည်အချင်းများနဲ့ ပြည့်စုံတဲ့ ချစ်သူမျိုးနဲ့ တွေ့ရမယ်။ အေးအတူ ပူအမျှ ဒုက္ခသုခကို အတူလက်တွဲရင်ဆိုင် ဖြေရှင်းပေးနိုင်တဲ့ ချစ်သူမျိုးနဲ့ ဆုံစည်းရမယ်။ ကိုယ့်ချစ်သူကြောင့် နေရာတကာမှာ မျက်နှာပန်းပွင့်ပြီး လူများစုရဲ့ အထင်ကြီး လေးစားခြင်းကို ခံရမယ်။ ကိုယ့်ရဲ့ချစ်သူဟာ အားကိုးအားထားပြုထိုက်တဲ့ ချစ်သူမျိုးပဲဖြစ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




နှလုံးလမ်းကြောင်းက ပြတ်တောက်နေပြီး အဲဒီ ပြတ်နေတဲ့နေရာမှာ လေးထောင့်ပုံစံအကွက်လေး ပါနေခဲ့ရင် …

**ယောက်ျားမကြီးက အဆင်မပြေဘူး**

အချစ်ရေးအိမ်ထောင်ရေးတို့မှာ ကြီးကြီးကျယ်ကျယ် ပြဿနာမျိုး ကြုံတွေ့ရတတ်ပေမဲ့ အဆိုးရွားဆုံးအထိတော့ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ ပြဿနာတွေနဲ့ အဆင်ပြေမှာမဟုတ်ဘူး။ ယောက်ျားမက သူတို့သားသမီးကို ချစ်လွန်းတော့ ကိုယ့်အပေါ်မှာ တစ်ခုမဟုတ်တစ်ခု အမြဲတမ်း ငြူစူစောင်းမြောင်း ငြိုငြင်ခြင်းကို ခံရလိမ့်မယ်။

BURMESE CLASSIC .com

www.burmeseclassic.com




အောင်မြင်ရေး၊ လမ်းကြောင်းကြီးကို အိမ်ထောင်ရေး လမ်းကြောင်းငယ်က အခုလိုမျိုးထိတွေ့နေမယ်ဆိုရင် …

**အကောင်းဆုံးပဲ အချစ်ရေ**

ကိုယ့်ရဲ့ချစ်သူဟာ ကိုယ့်ထက် အစစအရာရာ သာတဲ့သူဖြစ်မယ်။ ဥစ္စာ၊ ပညာပြည့်စုံပြီး၊ အထက်တန်းကျကျ လူကုံထံ မိကောင်းဖခင်သားသမီး၊ ချစ်သူမျိုးနဲ့ တွေ့ရမယ်။ကိုယ့်ဘက်က ဘယ်လောက်ပဲ ဆင်းရဲနွမ်းပါး နိမ့်ကျနေပါစေ၊ ကိုယ့်ထက် အဆင့်မြင့်တဲ့ အဲဒီလို ချစ်သူမျိုးကို ရမယ်။ ကိုယ့်ဘဝလည်း တစ်သက်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာအောင်မြင်မယ်။

www.burmeseclassic.com




အောက်ခြေက တက်လာတဲ့ အောင်မြင်ရေးလမ်းကြောင်းဟာ နှလုံးလမ်းကြောင်းကို ထိပ်တိုက် တွေ့ထိနေမယ်ဆိုရင် …

## ပုံအပ်တာ ယုံမှတ်ပါလို့ …

သနားကြင်နာတာက ပိုလွန်းနေမယ်။ ကိုယ့်ချစ်သူကို ယုံကြည်ကိုးစားလွန်းပြီး သူပြောသမျှကိုပဲ ခေါင်းညိတ်လက်ခံယုံကြည်တတ်မယ်။ ချစ်သူကလည်း အညှုအစရာ၊ မူယာမာယာတွေသုံးပြီး ကိုယ့်က မကျ ကျအောင် ဖြားယောင်း သွေးဆောင်တတ်တယ်။ ချစ်သူအတွက်ဆိုရင် ကိုယ့်ဘက်ကလည်း အသွေးယူယူ ကြည်ကြည်ဖြူဖြူ ပုံအပ်တတ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




ထင်ထင်ရှားရှားရှိနေတဲ့ ကာမလမ်းကြောင်းဟာ လုံးဝ အဖြတ်အတောက်မရှိဘဲ အခုလိုပုံစံမျိုးနေခဲ့မယ်ဆိုရင် …

**မင်းလိုချင်တာ ဒါလား...**

ကိုယ့်ရဲ့ အချစ်ရေးဟာ သိပ်ပြီးသာယာချမ်းမြေ့ရမှာတော့ မဟုတ်ဘူး။ သစ္စာမဲ့တဲ့ ချစ်သူမျိုးကိုရမယ်။ ကိုယ်က သူ့ကို ဦးစားပေးမိလွန်းတဲ့အတွက် ငွေကုန်ကြေးကျ သိပ်များမယ်။ စိတ်ခုစိတ်လွယ်တဲ့သူမျိုးလည်း ဖြစ်မယ်။ ချစ်သူက ကိုယ့်ထက် ကိုယ့်ရဲ့ငွေကြေးလောက်ကိုသာ ချူပြီး ယူချင်တတ်တဲ့သူမျိုး ဖြစ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com




အိမ်ထောင်ရေးလမ်းကြောင်းဟာ အပေါ်မဟုတ် အောက်မဟုတ်တဲ့ လက်သန်းအောက်ခြေ အလယ်မှာရှိနေခဲ့ရင် …

**ပတ်ဝန်းကျင်ကို ရှက်တယ်**

ချစ်သူအပေါ်မှာ ကလေးလေး တစ်ယောက်လို ချစ်ခင်တွယ်တာ သံယောဇဉ်ကြီးလွန်းလို့ ပူပင်သောက ရောက်ရတတ်တယ်။ အချစ်နဲ့ပတ်သက်လာရင် ဘာမှ ပိုင်ပိုင်နိုင်နိုင် မဆုံးဖြတ်နိုင်ဘူး။ ပတ်ဝန်းကျင်ကို အလိုလို နေရင်း ရှက်နေမယ်။ အချစ်ရေးနဲ့ မိဘအရေးဆိုရင် မိဘ စိတ်ချမ်းသာရေးကို ပိုပြီးအလေးပေးတတ်မယ်။

BURMESE CLASSIC .com

www.burmeseclassic.com




အိမ်ထောင်ရေးလမ်းကြောင်း လက်သန်းအောက်ခြေနား တွင် ကပ်လျက် ထင်ထင်ရှားရှားရှိနေခဲ့ရင် ...

## အရွယ်လွန် အချစ်ကလေးရယ်

ကိုယ့်ချစ်သူက သူများတွေနဲ့ သမုတ်တတ်တယ်။ ကိုယ်တိုင်ကိုယ်က အယူသည်း ဇီဇာကြောင်လွန်းလေ တော့ ရတာမလို၊ လိုတာမရ ဖြစ်နေမယ်။ ရွေးလိုက်ရတဲ့ ချစ်သူကိုလည်း စံပြဖြစ်ချင်မယ်။ ဒီလိုနဲ့ အရွယ်လွန် အရွယ်ဟိုင်းဘဝရောက်မှ အိမ်ထောင်ကျရတတ်တယ်။ အိမ်ထောင်ကျခဲ့ရင်လည်း ကိုယ့်ထက်ငယ်တဲ့သူနဲ့ ရလိမ့် မယ်။

www.burmeseclassic.com




အဲဒီ သောကြာခါးပတ်မှာပေါ့။ မှုန်မှုန်မွှားမွှား ဘားကလေးတွေက ဖြတ်ထားခဲ့ပါရင် ...

## တဏှာရူးလို့ ပြောကြပြန်ပါတယ်

အမြဲလိုလိုပါပဲ။ ဆန့်ကျင်ဘက်လိင်များအပေါ် စိတ်ထက်သန် ဝင်စားနေမိမယ်။ တစ်ခုခုကို စိတ်ဝင်စားမိပြီဆိုရင်လည်း မဖြစ်မနေ၊ မရ ရအောင် ဖွဲ့နပဲကြီးကြီးနဲ့ ဖန်တီးရယူတတ်သူဖြစ်မယ်။ လူတစ်ဖက်သားအပေါ် ကြင်နာသနားပြီး လိုက်လျောသဒ္ဒါပိုတဲ့ နေရာမှာလည်း နှစ်ယောက်မရှိအောင်စံပြပါပဲ။ အချစ်မေတ္တာဆိုတာထက် ရမ္မက်သာယာခြင်းကို ပိုပြီး ဦးစားပေးမိမယ်။ ကာမစပ်ယှက်တဲ့အခါမှာလည်း လွန်လွန်ကျူးကျူး ဖြစ်တတ်တယ်။

www.burmeseclassic.com




အိမ်ထောင်ရေးလမ်းကြောင်းရဲ့ အဆုံးမှာ ခက်ရင်းခွပုံစံမျိုး ဖြစ်နေမယ်။ အဲဒီမှာ ခွဲဖြာလာတဲ့ အခက်တစ်ခက်ဟာ တနင်္ဂနွေဂြိုဟ်ခုံအထိတိုင် ကော့တက်သွားမယ်ဆိုရင် ...

## တက်ညီလက်ညီ ဘက်ညီ

ကိုယ့်ရဲ့ချစ်သူဟာ ကိုယ့်ထက် အဆင့်အတန်းမြင့်တဲ့ သူမျိုးဖြစ်မယ်။ အစစအရာရာမှာ ဆိုးတိုင်ပင် ကောင်းတိုင်ပင်နဲ့ အခက်အခဲဟူသမျှကို နှစ်ကိုယ်တူလက်တွဲပြီး ဖြေရှင်းနိုင်ကြလိမ့်မယ်။ ဖေးဖေးမမ လိုက်လျောညီထွေ ရှိပြီး ရှေ့သွားနောက်လိုက်ညီတဲ့ ချစ်သူမျိုးကို အိမ်ထောင်ဖက် ပြုရမယ်။

www.burmeseclassic.com




အိမ်ထောင်ရေး လမ်းကြောင်းပေါ်မှာ အခုလိုပုံစံမျိုး ကျွန်းခံနေမယ်ဆိုရင် ...

## မင်းလုပ်ရက်တယ်

ချစ်သူအပေါ်မှာ ကိုယ်က သိပ်ပြီးအထင်ကြီးလွန်းလှတယ်။ ကိုယ်ကလည်း သူ့ဆိုသူမှ မြတ်နိုးချစ်ခင်တွယ်တာတတ်တဲ့သူမျိုး ဖြစ်နေမယ်။ ဒါပေမဲ့ ကိုယ့်ရဲ့ ချစ်သူဟာ ကိုယ့်အပေါ် ရှေ့တွင်တစ်မျိုး၊ နောက်ကွယ်တစ်မျိုးနဲ့ ကိုယ့်ရဲ့ရိုးသားမှုကို အခွင့်ကောင်းယူပြီး ဖောက်ပြန်တတ်မယ်။ ကိုယ့်မှာ စိတ်မချမ်းမသာဖြစ်ရပေမဲ့ သူကတော့ သိပ်ပြီး တစ်ကိုယ်ကောင်းဆန်နေမှာပဲ။

BURMESE CLASSIC .com

www.burmeseclassic.com




ဥပါဒ်လမ်းကြောင်းဟာ သောကြာဂြိုဟ်ခုံကနေပြီး အိမ်ထောင်ရေးလမ်းကြောင်းကို ဖြတ်နေမိမယ်ဆိုရင် …

**ဆွေတွေ မျိုးတွေက တမှောင့်**

နှစ်ယောက်စလုံးက သိပ်ချစ်ကြတယ်။ မိုးမမြင်လေမမြင် အချစ်ကောင်းကင် အာကာသဟင်းလင်းပြင်မှာ ကြင်နာငဲ့ညှာ စာနာထောက်ထား သနားပိုပြီး ချစ်ကြမှာပါ။ ဒါပေမဲ့ နှစ်ဖက်အသိုင်းအဝန်း ဆွေမျိုးတွေက ကြားဝင် နှောက်ယှက်စွက်ဖက်ခြင်းကို ခံကြရလိမ့်မယ်။

BURMESE CLASSIC .com

www.burmeseclassic.com




အိမ်ထောင်ရေးလမ်းကြောင်းက ပြတ်နေမယ်။ အဲဒီ ပြတ်နေတဲ့နေရာမှာ လေးထောင့်ကွက် အမှတ်အသားမျိုး ရှိနေခဲ့မယ်ဆိုရင် ...

## ဘယ်တော့မှ မပြတ်ပါဘူးကွယ်

အမှိုက်ကစ ပြဿဒ်မီးလောင် ဆိုသလိုမျိုး။ တစ်ယောက်နဲ့တစ်ယောက် မချစ် မနှစ်သက်တာလည်း မဟုတ်ဘဲနဲ့ အကြီးအကျယ် စကားများ၊ သဘောထားကွဲလွဲပြီး ပြတ်စဲဖြစ်ကြမယ်။ ဒါပေမဲ့ နောက်ဆုံးတော့ ပြန်လည်ဆုံစည်းပေါင်းဖက်ကြရလေသတည်း ဆိုသလိုမျိုး အချစ်ဇာတ်လမ်းလှလှလေးနဲ့ ပြန်ပေါင်းရတတ်ပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com




အိမ်ထောင်ရေးလမ်းကြောင်းရဲ့ အဆုံးပိုင်းမှာ အခုလိုမျိုး ခက်ရင်းခွပုံစံမျိုး ပါလာခဲ့မယ်ဆိုရင် …

## ချစ်လျက်နဲ့ဝေး

တစ်ယောက်နဲ့တစ်ယောက် အသည်းပေါက်မတတ် ချစ်ခင်တွယ်တာ မြတ်နိုးယုယ ကြင်နာကြမယ်။ အလွန်အင်မဆတန်မှ သာယာငြိမ်းချမ်းတဲ့ အချစ်ရေးဖြစ်မယ်။ သူချစ်ကိုယ်ချစ် နှစ်ကိုယ်တူ ဘယ်လောက်ပဲချစ်ချစ် တစ်ယောက်နဲ့တစ်ယောက် အတူမနေရတတ်တဲ့ ဝေးဝေးကွာကွာ အနေအထားမျိုးမှာ ရှိနေတတ်ပါတယ်တဲ့။

BURMESE CLASSIC .com

www.burmeseclassic.com




ဂြိုဟ်ခုံပေါ်မှာ အမှတ်အသားတွေကိုမတွေ့ရဘဲ လက်ဝါးစောင်းနေရာ၊ အိမ်ထောင်ရေး လမ်းကြောင်း အစမှာ ခက်ရင်းခွပုံစံဖြစ်နေခဲ့မယ်ဆိုရင် …

## ကြားစကားတွေ မယုံနဲ့နော်

ချစ်ရင်လည်း သူများနဲ့ မတူဘူး။ မုန်းရင်လည်း လှည့်ပြန်မကြည့်တတ်တဲ့သူမျိုး ဖြစ်တယ်။ အချစ်ကြီးပြီး အမျက်ကြီးတတ်တယ်။ တစ်ယူသန်ဆန်လွန်းတဲ့ စိတ်ထားရှိမယ်။ ကိုယ်ပိုင်တွေးခေါ်ယူဆ ဆုံးဖြတ်ချက်မျိုး ပိုင်ပိုင် နိုင်နိုင် မချရဲဘဲ ကြားစကားတွေ ယုံစားယုံမှားမိလို့ ချစ်ရသူနဲ့ ကွဲကွာဝေးလွင့်နေရတတ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ကံကြမ္မာလမ်းပေါ်မှာ ကျွန်းခံနေမယ်ဆိုရင် …

**ရေကြီးတတ်တယ်…**

လက်ရှိချစ်သူနဲ့ အကြောင်းအမျိုးမျိုးကြောင့် လမ်းခွဲခဲ့ရပြီး နောက်ထပ်အချစ်သစ်ကို ထူထောင်တတ်မယ်။ ကိုယ့်ချစ်သူက ကောင်းပါလျက်နဲ့ သူ့အပေါ် သစ္စာယွင်းပျက်တတ်မယ်။ အထူးသဖြင့် အိမ်ထောင်ရှိပြီးသား အိမ်ထောင်သည်များနဲ့ မှောက်မှောက်မှားမှား ဖောက်ပြန်တတ်မယ်။ အဲဒီကိစ္စကြောင့်ပဲ ပတ်ဝန်းကျင်ရဲ့ ဒဏ်ခတ်ခြင်းကို ခံရတတ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com

# သူတို့ ဒီလိုပြောတယ်

♦ လူကဲခတ်ခြင်းဟာ မှားကောင်းမှားနိုင်ပေမဲ့ လက္ခဏာပညာနဲ့သာ ကြည့်နိုင်ခဲ့မယ်ဆိုရင် ဘယ်တော့မှ မှားမှာမဟုတ်ဘူး။ *(နပိုလီယံ)*

♦ အယ်လ်အလာမိန်းစစ်ပွဲမှာ ဟစ်တလာရဲ့ ဗိုလ်မှူးချုပ်ရိုးမဲလ်နဲ့ ဗြိတိသျှတပ်မတော်က လက်ဖတင်နင်ဂျင်နရယ်ဘားနပ်မောင်ဂိုမာရီတို့ စစ်တိုက်ဖြစ်ခဲ့ရင် မောင်ဂိုမာရီရဲ့တပ်က နိုင်လိမ့်မယ်။ *(ဗေဒင်ဆရာ စစ်သားကြီး လူစီဒီပွန်းလ်၊ ဟန်ဂေရီလူမျိုး)*

♦ အဒေါ့ဖ်ဟစ်တလာ…ခင်ဗျားကို မုံးနဲ့ လုပ်ကြံကြလိမ့်မယ်။ သတိထားပါ။ *(ဟစ်တလာရဲ့ လက္ခဏာဗေဒင် နက္ခတ် ဆရာကြီး ဝီလျံခန်ရိုက်)*

♦ လူတွေရဲ့ လက်ဝါးပြင်ပေါ်ရှိနေတဲ့ အရေးအကြောင်းအမှတ်အသားတွေဟာ အကြောင်းမဲ့မဟုတ်ဘူး။ *(ဂရိ ပညာရှိကြီး အရစ္စတိုတယ်)*

♦ လက္ခဏာပညာရပ်ဆိုတာ လူ့စိတ်နေ သဘောထားလုပ်ရှားမှုအနိမ့်အမြင့် အတက်အကျအထိ တွက်ချက်နိုင်စွမ်းရှိပြီး သင်ကြားလေ့လာထိုက်တဲ့ ပညာရပ်တစ်ခုပဲ။ *(ဟစ်(စ်)မီနှပ်)*

www.burmeseclassic.com

## ဘာမှ မကြောက်နဲ့

♦ ကိုယ့်လက်ဖဝါးပေါ်မှာ အဆိုးတွေ ပါနေလို့ စိတ် မဆင်းရဲပါနဲ့။

♦ မိုးကြိုးပစ်မှာ ကြိုတင်ကာကွယ်ထားဖို့အရေးကြီးပါတယ်။

♦ အကြောင်းကြောင်းသော အကြောင်းကြောင်းကြောင့် လက္ခဏာရေး လမ်းကြောင်းတွေဟာ မှုန်ဝါးမှေးမှိန် ကွယ်ပသွားတာမျိုး ရှိတတ်သလို၊ ပိုမိုပီပြင် ထင်ရှားလာတာမျိုးလည်း ရှိတတ်ပါတယ်။


♦ ဘာမှ စိုးရိမ်ပူပန်သောကတွေ ရောက်မနေပါနဲ့။ မင်းလို လူစားတွေ အများကြီးရှိနေမယ်။ အမှားတွေ့ခဲ့ရင် ဆက်မမှားရအောင် အချိန်မီ ပြင်ဆင်တတ်ဖို့ပဲ အရေးကြီးပါတယ်။

**စိတ်ရဲ့ ချမ်းသာခြင်း၊ ကိုယ်ရဲ့ ချမ်းသာခြင်း၊**
**အချစ်ရဲ့ ချမ်းသာခြင်းနဲ့ ပြီးပြည့်စုံနိုင်ကြပါစေ။**

**စံ-ဇာဏီဘို**
ချမ်းမြေ့မေတ္တာ
တုံ့ပြန်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com




လက်ဝါးပေါ်မှာ ဒါတွေပါတယ်

www.burmeseclassic.com

